# ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ ကြာသပတေးနေ့၊ (27-4-2006) (၄၉၄၀)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်အာဖရိက သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန်　　ဧပြီ　　၂၇

၂၀၀၆ခုနှစ်၊ ဧပြီ ၂၇ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တောင်အာဖရိက သမ္မတနိုင်ငံ သမ္မတ မစ္စတာ သာဘို၊ အမ်၊ အမ်ဘီကီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆားဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန်　　ဧပြီ　　၂၇

၂၀၀၆ခုနှစ်၊ ဧပြီ ၂၇ရက်တွင် ကျရောက်သည့် ဆားဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆားဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံ သမ္မတ မစ္စတာ ဆဗက်တိုဇာ၊ မာရိုဗစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ်ဒုတိယဦးစီးချုပ် ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော်　　ဧပြီ　　၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ် ဒုတိယဦးစီးချုပ် **Colonel General, Moltenskoi Vladimir I** ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်မြို့တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆





ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ် ဒုတိယဦးစီးချုပ် Colonel General, Moltenskoi Vladimir I အား နေပြည်တော်မြို့တော်ရှိ ကာကွယ်ရေးဝန်ကြီး ဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၇-၄-၂၀၀၆
(ကြာသပတေးနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# စိုက်ပျိုးမြေများ အပြည့်အဝအသုံးချ နွေစပါးနှင့်ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုး

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားလာစေရေးအတွက် စိုက်ပျိုးရေ ဖူလုံစွာရရှိရေးအပါအဝင် စိုက်ပျိုးရေးနည်းစနစ်သစ်များ ပြသပေးခြင်း၊ ခေတ်မီစိုက်ပျိုးရေးကိရိယာများ သုံးစွဲစေခြင်း၊ မျိုးကောင်းမျိုးသန့် သီးနှံမျိုးစေ့များ ပံ့ပိုးပေးခြင်းတို့ဖြင့် စီမံဖြည့်ဆည်းပေးနေသည်။

နိုင်ငံ၏ ခေနအင်အား တောင့်တင်းခိုင်မာရေးတွင် ပင်မစီးပွားရေးအခြေခံလယ်ယာစိုက်ပျိုးကဏ္ဍ ဖွံ့ဖြိုးလာမှုနှင့်အတူ ဆန်စပါးဖူလုံပိုလျှံစွာထွက်ရှိရေး၊ ပြည်ပပို့ကုန်ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးရည်မှန်းချက်ဖြင့် စီမံကိန်းများချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။

တစ်ချိန်တည်းတွင် တောင်သူလယ်သမားများ ဝင်ငွေတိုးအကျိုးရှိစေနိုင်မည့် သီးနှံအမျိုးအစားအမယ်သစ်များ၊ ဈေးကွက်ဝင်သီးနှံများနှင့် ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးရေးတို့အတွက်လည်း စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို အခါမလပ် အားပေးကူညီလျက်ရှိသည်။

တောင်သူလယ်သမားများသည် စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားလာရေးအတွက် ကြိုးပမ်းဖော်ဆောင်ရာတွင် မြေလွတ်မြေရိုင်းမြေယာသစ်များဖော်ထုတ်ရေး၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်းတိုးတက်လာစေရေး၊ သီးနှံစိုက်စွမ်းအား တိုးတက်လာစေရေးနှင့် သီးနှံများ ထုတ်လုပ်ရာတွင် လေလွင့်ဆုံးရှုံးမှု နည်းပါးစေရေးတို့ကို အလေးထား လုပ်ကိုင်ကြရမည် ဖြစ်သည်။

ကရင်ပြည်နယ်အနေဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ဧက ငါးသိန်းနှင့် နွေစပါးဧက ၁ ဒသမ ၅ သိန်း ပြည့်မီစွာစိုက်ပျိုးနိုင်ရေး၊ ခြံစည်းရိုးကြက်ဆူပင်များ လျာထားဧကပြည့်မီစွာစိုက်ပျိုးနိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီကို လယ်ယာသုံးထွန်စက်၊ ရေတင်စက်၊ ကျေးရွာမီးလင်းရေး အင်ဂျင်စက်များတွင် သုံးစွဲနိုင်သည့်အပြင် ကြက်ဆူစေ့ ကြိတ်ဖတ်များကို သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ကျေးရွာမီးလင်းရေးတို့အတွက်ပါ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ကျေးလက်ပြည်သူများလည်း ဝင်ငွေတိုး၊ ဇီဝဒီဇယ်ဆီလည်း ထုတ်ယူရရှိနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို ကျေးရွာများ၊ ဥယျာဉ်ခြံမြေများနှင့် မြေလွတ်မြေရိုင်းများတွင် စိုက်ခင်းကြီးများ ထူထောင်၍ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသင့်ပေသည်။

ပြည်နယ်အတွင်း ဒေသခံတောင်သူလယ်သမားများက စိုက်ပျိုးရေးကဏ္ဍတွင် မိုးစပါး၊ နွေစပါး၊ အစေ့ထုတ်ပြောင်း၊ ဆီထွက်သီးနှံနှင့် ဟင်းသီးဟင်းရွက်များကို သီးထပ်သီးညှပ် စိုက်ပျိုးလျက်ရှိသည်။ ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်အတွင်း တောင်သူလယ်သမားများက နွေစပါးနှင့် ဟင်းသီးဟင်းရွက် သီးနှံစုံစိုက်ခင်းများ ထူထောင်စိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်သည်။

လှိုင်းဘွဲ့မြို့နယ်အတွင်း ရေဘုတ်ရေလှောင်တမံကို တည်ဆောက်လျက်ရှိရာ အဆိုပါတမံပြီးစီးပါက မိုးစပါးနှင့်နွေစပါး စိုက်ဧက ၃၀၀၀ အတွက် စိုက်ပျိုးရေ ပေးဝေနိုင်မည့်အပြင် ဒေသအတွင်း သောက်သုံးရေကိုပါ ဖြန့်ဝေပေးသွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က မြို့ပြနှင့်ကျေးလက်ဒေသများ စည်ပင်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားနပ်ရိက္ခာ ဖူလုံ ပိုလျှံရေးတို့အတွက် အားပေးကူညီ ဖြည့်ဆည်းပေးမှုများနှင့်အတူ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများအနေဖြင့် မြေလွတ်မြေရိုင်းနှင့် စိုက်ပျိုးမြေများကို အပြည့်အဝအသုံးချပြီး မိုးစပါး၊ နွေစပါးနှင့် ဟင်းသီးဟင်းရွက် သီးနှံများကို တိုးချဲ့စိုက်ပျိုးသွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

**မူးယစ်ဆန့်ကျင်**
**အောင်ပွဲဆင်**

## သီတဂူ ရေအလှူတော်ခမ္ဗသဘင် ပရဟိတ(ကျား)ကျောင်းတွင်ကျင်းပမည်

**ရန်ကုန် မေ ၂၆**

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် အရှင်ဉာဏိဿရ (D-Litt)(Ph-D)၏ ရေအလှူတော် တရားပွဲကို လှိုင်မြို့နယ် ဘူတာရုံလမ်းရှိ ပရဟိတ(ကျား)ကျောင်းတွင် မေ ၂၉ ရက်(စနေနေ့) ည ၇နာရီ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ အမျိုးသားနေ့ ဝန်ကြီးဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

**ရန်ကုန် မေ ၂၇**

၂၀၀၆ခုနှစ် မေ ၂၇ရက်တွင် ကျရောက်သည့် ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဗု(ခ်)ဒရာစကိုဗစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)



**လှည့်လည်ကြည်ညို**

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ H.H. Mr. Vyacheslav M.Lebedev နှင့် အဖွဲ့ဝင်များ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးအား လှည့်လည်ကြည်ညိုစဉ်။** (သတင်းစဉ်)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးကို ကြည်ညို ကျောက်မျက်ရတနာပြတိုက် ကြည့်ရှုလေ့လာ

ရန်ကုန် မေ ၂၆

**ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေး အလည်အပတ်ခရီးရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ H.H. Mr. Vyacheslav M. Lebedev ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် တရားရုံးချုပ်မှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးသို့ ရောက်ရှိကြရာ ရှေးဦးစွာ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးအား ပန်း၊ ဆီမီးနှင့် အမွှေးတိုင်များဖြင့် ကပ်လှူပူဇော်ကြည်ညိုကြပြီး ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးအား လှည့်လည်ကြည်ညိုကြရာ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးစိုးညွန့်(တော်ဝင်နှင်းဆီ)နှင့် တာဝန်ရှိသူများက ဘုရားကြီး၏ သမိုင်းကြောင်းနှင့် ပတ်သက်၍ အသေးစိတ် လိုက်လံရှင်းလင်းပြသကြသည်။**

**အမှတ်တရပေးအပ်**

ယင်းနောက် ဧည့်သည်တော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌသည် ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး ဂေါပကအဖွဲ့ထံ အမှတ်တရ လက်ဆောင်ပစ္စည်းကို ပေးအပ်သည်။

**လေ့လာ**

ထို့နောက် ဧည့်သည်တော်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

## ကမ္ဘာ့ဝိပဿနာလိုဏ်ဂူ စေတီတော်ကြီးအတွက် အလှူတော်ငွေပေးအပ်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၆**

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက အုတ်မြစ်တော်စီပေးပြီး မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ဗုဒ္ဓဝိပဿနာ တရားပြဆရာကြီး မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးဂိုအင်ကာ ဦးဆောင်၍ အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ထားလျက်ရှိသည့် ကမ္ဘာ့အဌမမြောက် အံ့ချီးဖွယ်ဖြစ်လာမည့် ရွှေတိဂုံစေတီတော်ကြီး ပုံတော်တူ ကမ္ဘာ့ဝိပဿနာလိုဏ်ဂူ စေတီတော်ကြီးအတွက် တတိယအကြိမ် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၁ရက် နံနက် ၈နာရီခွဲတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီး ဘုရားလမ်း ဓမ္မဇောတိ ဝိပဿနာရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက်လှူဒါန်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## ကသာခရိုင်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

**ရန်ကုန် မေ ၂၆**

ကသာခရိုင်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် ခုနစ်မြို့နယ်မိသားစုမိတ်ဆုံပွဲကို မေ ၇ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရား တောင်ဘက်မုခ် သစ်လုပ်ငန်းဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်မိသားစုများ၏ အသက်(၇၅)နှစ်ပြည့် ကန်တော့ခံ ဘိုးဘွားများစာရင်းနှင့် ၂၀၀၄-၂၀၀၅ခုနှစ် အတွက် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရသည့် သားသမီးများစာရင်းကို ဦးစိုးနိုင်(ဥက္ကဋ္ဌ)ဖုန်း-၆၆၃၀၀၄၊ ဦးညွန့်ဦး(ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၁၂၅၅၇၊ ဒေါ်ခင်ပြုံး ဖုန်း-၅၇၂၈၁၀၊ ဦးဖေတင် ဖုန်း-၅၀၂၀၀၅၊ ဒေါ်ညွန့်ညွန့်ရွှေ ဖုန်း-၆၆၃၆၄၁၊ ဒေါ်မာမာတူး ဖုန်း-၅၇၁၆၈၂၊ ဦးအောင်ဝင်း (အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၁-၀၇၃၅ တို့သို့ စာရင်းပေးပို့ကြပါရန်နှင့် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ရန်ကုန်တွင်ရှိနေကြသည့် ခုနစ်မြို့နယ်သူ/နယ်သားများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)



**ရန်ကုန်မြောက်ပိုင်းခရိုင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ မြို့နယ်အလိုက် သန့်ရှင်းရေးဆောင်ရွက်မှု ဆုပေးပွဲကို မေ ၂၆ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းက မြို့နယ်အကောင်းဆုံးသန့်ရှင်းရေးဆောင်ရွက်မှု ပထမဆုရ မင်္ဂလာဒုံမြို့နယ်အား ဆုချီးမြှင့်စဉ်။** (၆၁)

☆ **ရှေ့ဖုံးမှ**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသောစစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေး ဝန်ကြီးဌာနမှ ကြည်းတပ် ဒုတိယဦးစီးချုပ် Colonel General Moltenskoi Vladimir I ခေါင်းဆောင်သည့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ စစ်သံမှူး Colonel Vladimir I Konchakov လည်း တက်ရောက်သည်။ (သတင်းစဉ်)



## ရန်ကုန်မြို့တော်ဝန်အား တရုတ်ဧည့်သည်အဖွဲ့တွေ့ဆုံ

**ရန်ကုန် ဧပြီ ၂၆**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းအား ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကန်တုန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ ကျုံချိုရွှမ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ၃နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ မြို့တော်ဝန်၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ အတွင်းရေးမှူး ဦးတင်စိုးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

## အမှတ်တရဓာတ်ပုံရိုက်

**ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ် ဒုတိယဦးစီးချုပ် Colonel General Moltenskoi Vladimir I ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ နေပြည်တော်မြို့တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။**

(သတင်းစဉ်)

## တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပူတာအိုလေဆိပ်လေယာဉ်ပြေးလမ်းစစ်ဆေး

ရန်ကုန် ဧပြီ ၂၆

**ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဧပြီ ၂၄ရက်တွင် ပူတာအိုလေဆိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ လေဆိပ်အရေးကြီးပုဂ္ဂိုလ် နားနေဆောင်၌ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က လေယာဉ်ပြေးလမ်း အလယ်ပိုင်း ပေ ၆၀၀ xပေ ၁၀၀ နှင့် သုံးလက်မထု ထပ်ပိုးလွှာတင်ခြင်း၊ ရေပိတ်ကတ္တရာလောင်းခြင်း၊ မျက်နှာပြင်ညှိလွှာခင်းခြင်း၊ နှစ်အလိုက် ရန်ပုံငွေရရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။**

### ဖြည့်ဆည်းပေး

တင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လေယာဉ်ပြေးလမ်း အလယ်ပိုင်း ပေ ၆၀၀ **x** ပေ ၁၀၀ နှင့် သုံးလက်မထု ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်ဆည်းပေးကြသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လေယာဉ်ပြေးလမ်းတစ်လျှောက်ကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

## တရုတ်ဝန်ကြီးနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဧပြီ ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Information Industry ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wang Xudong နှင့် အဖွဲ့ဝင်ကိုးဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

### ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် ဝန်ကြီးနှင့်အဖွဲ့အား မြန်မာနိုင်ငံ အီလက်ထရွန်းနစ်အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်ဦးအောင်မြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မု၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

## အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံသို့ ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဧပြီ ၂၆**

အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံသို့ မြန်မာနိုင်ငံ ဂီတအစည်းအရုံး နာယက ဦးအုန်းကျော်က ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ လှူဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် ဆေးရုံဧည့်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ အလှူရှင်က လှူဒါန်းရသည့်အကြောင်းကို ရှင်းလင်းပြောကြားပြီး အမှတ်(၁) တပ်မတော် ဆေးရုံကြီး ခုတင်(၁၀၀၀) တပ်မှူး ဗိုလ်မှူးကြီး အောင်ကျော်ဇောက လှူဒါန်းပစ္စည်းများကို လက်ခံကာ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် တပ်မှူးက ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)



**တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Information Industry ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wang Xudong ဦးဆောင်သော အဖွဲ့ဝင်များ ရန်ကုန်မြို့မှပြန်လည်ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့် အတူ တွေ့ရစဉ်။** (သတင်းစဉ်)

## ရန်ကုန်/မန္တလေးဈေးသင်္ဘော မြရော မေ ၆ရက် ထွက်မည်

**ရန်ကုန် ဧပြီ ၂၆**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်/မန္တလေး ဈေးသင်္ဘောခေါက်ရေ (၁) “မြရော” ရေယာဉ်သည် မေ ၆ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင် အမှတ်(၆)တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

သို့ပါ၍ ကုန်တင်ဆောင် ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၂၉၂၁၉၉ နှင့် ၂၉၂၃၁၉ တို့သို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြသည်။

နယ်မြို့များမှကုန်တင်ဆောင်လိုပါက မအူပင်၊ ဓနုဖြူ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ပြည်၊ သရက်၊ အောင်လံနှင့် မကွေးမြို့များတွင် မြို့နယ်ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မန်နေဂျာရုံးများနှင့် ဆက်သွယ်နိုင်သည်။

(သတင်းစဉ်)



အာဖဂန်နစ္စတန်နိုင်ငံ လတ်ရှ်ကာဂါမြို့အနီးတွင် ပျက်ကျသွားသော အမေရိကန်စစ်လေယာဉ်ကို ဧပြီ ၂၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ရုရှားတောင်ပိုင်း၌ လေယာဉ်ပျက်ကျ၊ လေးဦးသေဆုံး

**မော်စကို ဧပြီ ၂၅**

ရုရှားနိုင်ငံတောင်ပိုင်း၌ လေယာဉ်ငယ်တစ်စင်းသည် ဧပြီ ၂၃ ရက်ညတွင် ပျက်ကျရာ လေယာဉ်ပေါ်၌ လိုက်ပါလာသူ လေးဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း အရပ်ဘက်ကာကွယ်ရေးနှင့် အရေးပေါ်ဌာနက ဧပြီ ၂၄ရက်တွင် ဖော်ပြခဲ့သည်။

စတာဗရိုပိုလ်ဒေသ တောင်ပိုင်းတာစကိုင်အရပ် အဝေးပြေးလမ်းမ အနီးတွင် အန်-၂ လေယာဉ်ပျက်ကျခဲ့ကြောင်း အီတာ-တပ်စ် သတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါလေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်မှူး ရိုမန်လော့စ်တီနှင့် ခရီးသည်သုံးဦးသေဆုံးခဲ့ပြီး အမျိုးသမီးတစ်ဦးသာ အသက်ရှင်သည်။ သူမမှာ ဒဏ်ရာအပြင်းအထန် ရသည့်အတွက် ဆေးရုံသို့ပို့ဆောင်ခဲ့သည်။

လေယာဉ်ပျက်စီးသွားမှုနှင့်လယ်ကွင်းတွင်းရှိ လေယာဉ်အပျက်အစီးများကို အင်န်တီဗွီရုပ်သံက ထုတ်လွှင့်ပြသသွားသည်။

လေယာဉ်လောင်စာ မပြတ်မီ ဆင်းသက်ရန် ကြိုးစားခဲ့ကြောင်း ကနဦးသတင်းတွင် ဖော်ပြ ထားသည်။

လေယာဉ်ပျက်ကျရခြင်းသည် လေယာဉ်မှူး၏ပျံသန်းရေးစည်းမျဉ်းများ ချိုးဖောက်မှုကြောင့် ဖြစ်သည်ဟုဆိုသည်။

အဆိုပါ လေယာဉ်သည် ပုဂ္ဂလိကကုမ္ပဏီပိုင်လေယာဉ်ဖြစ်ပြီး ခရီးသည်များ သယ်ယူပို့ဆောင်သော လေယာဉ်မျိုးမဟုတ်ကြောင်း၊ ပေါင်းပင်မှော်ပင်ရိုင်းများ ဖျက်ဆီးရာတွင် သုံးသော လေယာဉ်သာဖြစ်ကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**တစ်လက်လျှင်ယွမ်ငွေ ၁၇၀၀၀၀ (အမေရိကန်ဒေါ်လာ ၂၁၀၀၀) တန်ဖိုးရှိသော ဖန်ဖြင့်ပြုလုပ်ထားသည့် တယောတစ်လက်ကို တရုတ်နိုင်ငံ ပေကျင်းမြို့အရောင်းပြခန်းတွင် ဧပြီ ၂၅ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*



# တရုတ်နှင့်အိန္ဒိယပူးပေါင်းဆောင်ရွက်ခြင်းဖြင့်အကျိုးရှိနိုင် ဘိုအားဖိုရမ်တွင် ကျွမ်းကျင်သူများက ပြောကြား

**ဘိုအား(ဟိုင်နန်) ဧပြီ ၂၅**

ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံကြီး နှစ်နိုင်ငံဖြစ်ကြသော တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် ယှဉ်ပြိုင်နေခြင်းထက် ပူးပေါင်းဆောင်ရွက်ခြင်းကနှစ်ဦးနှစ်ဖက် အကျိုးစီးပွားရရှိနိုင်ကြောင်း ဧပြီ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သည့် အာရှဒေသဆိုင်ရာ ဘိုအားဖိုရမ်သို့ တက်ရောက်လျက်ရှိသည့် ကျွမ်းကျင်သူများက ပြောကြားသည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏ အလျင်အမြန် တိုးတက်မှုကြောင့် အာရှတိုက်၏ စီးပွားရေးတိုးတက်မှုမှာ ၂၀၀၆ ခုနှစ်တွင် ၇ ဒသမ ၂ ရာခိုင်နှုန်း ရှိမည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်က ခန့်မှန်းခဲ့သည်။

နှစ်နိုင်ငံစီးပွားရေး ဆက်ဆံမှုနှင့်ပတ်သက်၍ ဆွေးနွေးရန် ဘိုအားဖိုရမ်ကျင်းပစဉ်ကာလအတွင်း "အိန္ဒိယနှင့်တရုတ်-စီးပွားဖက် စွမ်းပကား" ခေါင်းစဉ်ဖြင့် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံစလုံးသည် စီးပွားရေး အောင်မြင်သည့် နိုင်ငံကြီးများ ဖြစ်လာမည်ဖြစ်ကြောင်း၊ သို့သော် ယင်းနှစ်နိုင်ငံသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ယှဉ်ပြိုင်အနိုင်လုနေခြင်းထက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ "အိုင်တီ"လုပ်ငန်း၊ သံမဏိလုပ်ငန်းနှင့် ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းတို့ကဲ့သို့သော နယ်ပယ်ကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း စီတီဂရုအာရှပစိဖိတ်မှ အမှုဆောင်အရာရှိချုပ် ရှော့ဘတ်မော့စ်က ပြောကြားသည်။

တရုတ်နှင့်အိန္ဒိယနိုင်ငံတို့၏ဆက်ဆံရေးအခြေအနေမှာ အထူးကောင်းမွန်လျက်ရှိကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဂျော့ဂျ်ယီအိုက ပြောကြားသည်။ ကမ္ဘာ့စီးပွားရေးရေရှည်တိုးတက်မှုအတွက် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အပါအဝင် အာရှ၏ အဓိကစီးပွားရေးဦးဆောင်နိုင်ငံများသည် ပိုမိုကျယ်ပြန့်သည့် ဦးဆောင်မှုအခန်းမှ ပါဝင်ဆောင်ရွက်ရန် အရေးကြီးကြောင်း ယီအိုက ပြောကြားသည်။

နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏမှာ ၂၀၀၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၇ ဘီလီယံရှိပြီး နှစ် အလိုက်တိုးတက်နှုန်းမှာ ၃၈ ရာခိုင်နှုန်းရှိသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***




# အီရတ်ရဲတပ်သားသစ် ၃၂ ဦး၏အလောင်းများ ဘဂ္ဂဒက်မြို့ ဒေသနှစ်ခုတွင် တွေ့ရှိ

**ဘဂ္ဂဒက် ဧပြီ ၂၅**

အီရတ်ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင် တပ်သားသစ် အလောင်း၃၂လောင်းကို ဘဂ္ဂဒက်မြို့တော် ဒေသနှစ်ခုတွင် တနင်္လာနေ့က တွေ့ရှိခဲ့ရကြောင်း ပြည်ထဲရေးသတင်းရပ်ကွက်က ပြောကြားသည်။

သေဆုံးသူ၃၂ဦးသည် အန်ဘာပြည်နယ်ရှိ ပြောက်ကျားအများအပြားနေထိုင်ရာ ရာမာဒီမြို့မှ ဖြစ်ကြသည်ဟုဆိုသည်။

တပ်သားသစ် ၁၇ ဦးပါဝင်သည့် အုပ်စုတစ်စုသည် ရဲတပ်ဖွဲ့တွင် ဝင်ရောက်တာဝန်ထမ်းဆောင်ရန် လက်မှတ်ရေးထိုးပြီးနောက် ပြန်ပေးဆွဲခံခဲ့ရကာ အသတ်ခံခဲ့ရခြင်းဖြစ်သည်။ ၎င်းတို့၏ အလောင်းများကို ဘဂ္ဂဒက်ဒီခရိုင်တွင် တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

အခြားတပ်သားသစ် ၁၅ ဦးမှာ ၎င်းတို့စီးလာသည့် မော်တော်ယာဉ်ပေါ်တွင် သေနတ်ဖြင့် အပစ်ခံထားရသည်ကို အဘူဂါရိပ်ဒေသ၌ တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

***အမ်အင်အေ၊ ရိုက်တာ။***




**ပရိုတွန်ကား**

**မလေးရှားနိုင်ငံထုတ် ပရိုတွန်ကားတစ်စီးကို ဧပြီ ၂၅ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ဘိုဟိုင်ပင်လယ်၌ သင်္ဘောတစ်စင်းနစ်မြုပ် ၁၀ဦးပျောက်ဆုံးနေ

**တီယန်ကျင် ဧပြီ ၂၅**

တရုတ်နိုင်ငံမြောက်ပိုင်း ဘိုဟိုင်ပင်လယ်၌ လွန်ခဲ့သောနှစ်လကျော်က ကုန်တင်သင်္ဘောတစ်စင်း ပျောက်ဆုံးခဲ့ကြောင်း၊ အဆိုပါ သင်္ဘောနစ်မြုပ်နေသည်ကိုသိရှိခဲ့ရကြောင်း၊ ထိုရေယာဉ်ပေါ်၌ လိုက်ပါလာသူ ၁၀ဦးပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာရေကြောင်းအာဏာပိုင်အဖွဲ့များက ဧပြီ ၂၄ရက်တွင် ပြောကြားခဲ့သည်။

ပျောက်ဆုံးနေသူများမှာ အသက်ရှင်ကျန်ရစ်ဖွယ် မရှိကြောင်း၊ အဆိုပါ သင်္ဘောနစ်မြုပ်ရာနေရာသည် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော တီယန်ကျင်မြို့နှင့် မိုင်၇၀ကျော်ဝေးကြောင်း ရေကြောင်းအုပ်ချုပ်ရေးဌာန၊တာဝန်ရှိသူချန်ရှုမန်က ပြောကြားသည်။

အဆိုပါ သင်္ဘောသည် ဘိုဟိုင်ပင်လယ်၌ ဖေဖော်ဝါရီ ၂၀ရက် ညနေခင်းပိုင်းတွင်ပျောက်ဆုံးသွားခဲ့ကြောင်း ထိုရေယာဉ်တွင်သံတန်ချိန် ၅၀၀ကိုကာဖီဒန်ဒေသမှ တီယန်ကျင်မြို့သို့ သယ်ဆောင်လာစဉ် ရာသီဥတုဆိုးရွားမှုကြောင့် နစ်မြုပ်ခဲ့ရခြင်း ဖြစ်ကြောင်း ချန်က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ရေနံဈေးနှုန်း မြင့်တက်လာမှုကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ထိခိုက်မှုရှိဟုဆို

**ဝါရှင်တန် ဧပြီ ၂၅**

ရေနံဈေးနှုန်းများမြင့်တက်လာမှုကြောင့်ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ ပေါက်မြောက်စေရန် ဖော်ဆောင်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အခက်အခဲဖြစ်စေပြီး ထိုနိုင်ငံများ၏ပြည်ပမှရေနံဝယ်ယူတင်သွင်းမှုအပေါ် ဆိုးရွားစွာထိခိုက်စေကြောင်း အိန္ဒိယနိုင်ငံက သတိပေးပြောကြားလိုက်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများသည် ယင်းကိစ္စကြောင့် အထိနာလျက်ရှိကြပြီး အထူးသဖြင့် အာရှရေနံဈေးကွက်၌ဈေးနှုန်းကြီးမားလာ၍ ဘဏ်စာရင်းတွင် လိုငွေပြကာ ငွေပေးငွေယူရှင်းတမ်းမညီမျှဖြစ်ပြီး ပြည်သူလူထုကြွေးတင်လာသည့်အဖြစ်များနှင့် ကြုံနေသည်ဟု အိန္ဒိယစီးပွားရေးရာဝန်ကြီး အေကေဂျေဟာက ဖွံ့ဖြိုးရေးကော်မတီအစည်းအဝေးတွင်ပြောကြားသည်။

ကမ္ဘာ့အဝန်းတွင် လောင်စာဈေးနှုန်း ဆက်လက်မြင့်မားနေမှုကြောင့် ရေနံတင်သွင်းနေရသည့် ဖွံ့ဖြိုးဆဲနိုင်ငံအများစု၏အကျိုး ထိခိုက်နစ်နာနေရပြီး ဆိုးမွေများဆက်လက်ခံစားနေရ ဖွယ်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ရေနံဈေးနှုန်း မြင့်မားမှုကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ငွေယိုဖိတ်မှုသည် အမေရိကန်ဒေါ်လာ ၁၈၀ဘီလီယံအထိရှိနေပြီး ယင်းအတိုင်းဆက်လက်သွားပါက ရေနံတင်သွင်းနေရသည့်ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်ပေါက်မြောက်စေရန် ကြိုးပမ်းရာတွင် အခက်အခဲဖြင့် ကြုံတွေ့နိုင်ဖွယ်ရှိသည်ဟု ၎င်းကပြောကြားသည်။

ယင်းပြဿနာကြောင့် ငွေဖောင်းပွမှုနှင့်အတူ ပြည်သူလူထု၏ရင်းနှီးမြှုပ်နှံမှုနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေးကဏ္ဍများတွင် ဆန့်ကျင်ဘက်ဆိုးကျိုးများ ပေါ်ပေါက်လာနိုင်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

# ဗီယက်နမ်ဘောလုံးသမားများ လောင်းကစားမှုတွင်ပါဝင်၍ အရေးယူခံရ

ဟန်္နွိုင်း ဧပြီ ၂၅

**(၂၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ၌ လောင်းကစားမှု ကျူးလွန်သဖြင့် အဖမ်းခံခဲ့ရသော ဗီယက်နမ်ဘောလုံးသမား သုံးဦးကို ဗီယက်နမ်အာဏာပိုင်များက ဧပြီ ၂၄ ရက်တွင် တရားစွဲဆိုလိုက်ပြီဖြစ်သည်။**

၎င်းအားကစားသမားသုံးဦးသည် ယမန်နှစ်က ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးပွဲတွင် ပါဝင်ကစားခဲ့သူများ ဖြစ်ပြီး လုပ်ပွဲကစားကာ လောင်းကစားမှုပြုခဲ့ကြခြင်းဖြစ်သည်။ ဗီယက်နမ် ထောက်လှမ်းစုံစမ်းသူများထံမှ ရရှိသော သတင်းအရ ၎င်းဘောလုံးသမား သုံးဦးမှာ ရှေ့တန်းလူ ဖန်ဗန်ကီယမ်၊ အလယ်တန်းလူ ဟူရာကော့အန်နှင့် လီဘတ်ဟွေတို့ဖြစ်ကြောင်း သိရသည်။ ၎င်းတို့သည် လောင်းကစားဒိုင်ထံမှ လာဘ်ငွေကို ရယူခဲ့ကြသည်ဟုဆိုသည်။

အခြားဘောလုံးသမားသုံးဦးကိုလည်း ဆက်လက်အရေးယူသွားရန် စိုင်းပြင်းနေကြဆဲဖြစ်သည်။ ထပ်မံ အရေးယူခံရဖွယ်ရာရှိသည့် ဘောလုံးသမားသုံးဦးမှာ အလယ်တန်းလူ ချူလီဖိုဗင်၊ နောက်တန်းလူ လီဗန်သရောင်နှင့် ငုယင်ဟာလမ် တို့ဖြစ်သည်။

ဘောလုံးပွဲလောင်းကစားမှုတွင် ပါဝင်သော ဗီယက်နမ်ဘော သမားများကို ယခင်ကလည်း အရေးယူခဲ့ဖူးသည်။

ဘောလုံးပွဲနှင့် ပတ်သက်သော ဒိုင်နှင့် အသင်းဆိုင်ရာ အရာရှိများဖြစ်ကြသော တာဝန်ရှိသူ ၆၀ အနက် ၁၉ ဦးတို့သည် လွန်ခဲ့သော နှစ်နှစ်အတွင်းက ဖြစ်ပွားခဲ့သည့် လောင်းကစားမှုများတွင် ပါဝင်သည်ဟု စွပ်စွဲခံခဲ့ရသည်။ ယင်းတို့အနက် ငါးဦးမှာ ယခုအခါ အပြစ်ပေးအရေးယူခံခဲ့ရခြင်းဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**အီဂျစ်နိုင်ငံတွင် ကမ္ဘာလှည့် ခရီးသည်များ လာရောက်လေ့ရှိသည့် ဒါဟာဗ်မြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ ၂၅ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

## နိုင်ငံတကာ သတင်းများ

# အာဖဂန်၌ မိုင်းထိမှန်မှုကြောင့် လစဉ် ထိခိုက်သေဆုံးမှုများ ရှိနေ

**ကဘူး ဧပြီ ၂၅**

အာဖဂန်နစ္စတန်နိုင်ငံ စစ်ပွဲဖြစ်ပွားခဲ့သော နေရာတွင် လွန်ခဲ့သော အနှစ် ၂၀ကာလကျော်က ကျန်ခဲ့သော မြေမြှုပ်မိုင်းများနှင့် မပေါက်ကွဲသေးသော စစ်လက်နက်များကြောင့် တစ်လအတွင်း၌ သေဆုံးသူ သို့မဟုတ် ဒဏ်ရာရရှိသူ ၇၀ မှ ၁၀၀ ခန့်ရှိကြောင်း အာဖဂန်နစ္စတန် မိုင်းရှင်းလင်းရေးအဖွဲ့ (အမ်အေပီအေ)က ဧပြီ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

၂၀၀၂ ခုနှစ်တွင် မိုင်းထိ၍ ထိခိုက်သေဆုံးသူဦးရေသည် တစ်လလျှင် ၁၅၀ မှ ၃၀၀ ရှိခဲ့ရာမှ ယခုကာလတွင် ထိခိုက်သေဆုံးသူ တစ်လလျှင် ၇၀ မှ ၁၀၀ သို့ ကျဆင်းလာခြင်းဖြစ်သည်။

ထိခိုက်သေဆုံးသူများတွင် အမျိုးသား ဦးရေသည် ၉၀ ရာခိုင်နှုန်းကျော် ရှိပြီး ၅၀ ရာခိုင်နှုန်းသည် ကလေးများ ဖြစ်ကြကြောင်း သိရသည်။

အာဖဂန်နစ္စတန် စစ်ပွဲအတွင်း မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်သေဆုံးခဲ့သူများကို တရားဝင် စာရင်းတွင် ထုတ်ဖော်တင်ပြခြင်းမရှိပေ။ သို့သော် ၂၅ နှစ်ကျော် ကာလက စစ်ပွဲများတွင် အာဖဂန်နစ္စတန်နိုင်ငံသည် မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးသူ သို့မဟုတ် ကိုယ်လက် အင်္ဂါချို့တဲ့သူဦးရေ ၁ ဒသမ ၅ သန်းခန့် ရှိကြောင်း တရားဝင်မဟုတ်သော စာရင်းတွင် ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဗြိတိန်ဝန်ကြီးချုပ်၏ လေဘာပါတီအပေါ် ထောက်ခံမှုနှုန်း ၁၉ နှစ်အတွင်း အနိမ့်ဆုံးသို့ ကျဆင်းဟုဆို

လန်ဒန် ဧပြီ ၂၅

**ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ အာဏာရ လေဘာပါတီအပေါ် ထောက်ခံမှုနှုန်းသည် လာမည့်လတွင် ဒေသန္တရ ရွေးကောက်ပွဲများ မကျင်းပမီအထိ ၁၉ နှစ်တာကာလအတွင်း အနိမ့်ဆုံးအခြေအနေသို့ ကျဆင်းခဲ့သည်ကို တွေ့ရကြောင်း အင်္ဂါနေ့ကထုတ်ပြန်သည့် လူထုသဘောထားစစ်တမ်းအရ သိရှိရသည်။**

နိုင်ငံက ကျင့်သုံးနေသည့် ကျန်းမာရေး စောင့်ရှောက်မှုစနစ်နှင့် ချမ်းသာကြွယ်ဝသည့် စီးပွားရေး လုပ်ငန်းရှင်များထံမှ ချေးငွေများကို လက်ခံမှုနှင့် စပ်လျဉ်း၍ လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်း လေဘာပါတီကို ဆက်တိုက်ဝေဖန်ခံရမှုများဖြင့် တိုနီဘလဲသည် ရင်ဆိုင်ကြုံတွေ့နေရသည်။

လေဘာပါတီအနေဖြင့် မေလတွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် ရှုံးနိမ့်မှုမရှိစေရန် မနည်းကြိုးပမ်းရမည်ဖြစ်သည်။ လာမည့် ရွေးကောက်ပွဲတွင် မဲပေးမှု အခြေအနေသည် ဝန်ကြီးချုပ် တိုနီဘလဲ၏ အုပ်ချုပ်မှုအပေါ် စမ်းသပ်မှုတစ်ရပ်ပင်ဖြစ်မည်ဟု အများက ရှုမြင်သုံးသပ်နေကြသည်။

လေဘာပါတီအပေါ် ထောက်ခံမှုသည် ၃၂ ရာခိုင်နှုန်းသာရှိပြီး အဓိက အတိုက်အခံ ကွန်ဆာဗေးတစ်ပါတီအောက် ၂ ရာခိုင်နှုန်း ကျဆင်းသွားသည်။ လွန်ခဲ့သည့် မတ်လက ကောက်ယူခဲ့သည့် လူထုစစ်တမ်းနှင့် နှိုင်းယှဉ်လျှင် ၅ ရာခိုင်နှုန်း ကျဆင်းလျက်ရှိသည်ဟု အိုင်စီအမ် လူထုသဘောထား ကောက်ယူသည့်ဌာနက ဖော်ပြသည်။

လေဘာပါတီအပေါ် ထောက်ခံမှုသည် ၁၉၈၇ ခုနှစ် ရွေးကောက်ပွဲအပြီး အနိမ့်ဆုံးအခြေအနေအထိ ရောက်ရှိခဲ့ခြင်းဖြစ်သည်။***အမ်အင်အေ၊ ရိုက်တာ။***



**အရိုးတည်ဆောက်မှု ပုံမမှန်ဖြစ်နေသော လူနာတစ်ဦးအား ပင်ဆီဗေးနီးယား တက္ကသိုလ်မှ ပညာရှင်များက ကက် (စီအေတီ) စကင် ဓာတ်မှန်ရိုက်ကြည့်ရာမှ ပေါ်ထွက်လာသည့်ပုံရိပ်ကို ဧပြီ ၂၅ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ကျူးဘားနှင့်ဥရုဂွေး ကုန်သွယ်ရေးတိုးမြှင့်ရန်ကိစ္စ ဆွေးနွေး

**ဟာဗားနား ဧပြီ ၂၆**

ကျူးဘားနှင့် ဥရုဂွေးနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များသည် နှစ်နိုင်ငံအတွင်း ကုန်သွယ်ရေး တိုးမြှင့်မည့်ကိစ္စ ဆွေးနွေးရန်အတွက် ကျူးဘားနိုင်ငံ၏ မြို့တော် ဟာဗားနားတွင် တနင်္လာနေ့က တွေ့ဆုံခဲ့ကြကြောင်း ဒေသဆိုင်ရာ မီဒီယာသတင်းဌာနက ဖော်ပြသည်။

ဥရုဂွေး ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဘီလီလာနှင့် ကျူးဘားပြည်ပ ရင်းနှီးမြှုပ်နှံမှုဌာန ဒုတိယဝန်ကြီး အော်လန်ရီကီဂျော့စ်တို့က နှစ်နိုင်ငံဆိုင်ရာ ကုန်သွယ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း၊ ငါးလုပ်ငန်း၊ တိရစ္ဆာန်ဆေးဝါး ထုတ်လုပ်ရေး၊ ကျန်းမာရေးနှင့် လူမှုရေး ဆိုင်ရာလုပ်ငန်းများ တိုးမြှင့်ရေးအပေါ် ရည်ရွယ်၍ ဆွေးနွေးခဲ့ကြသည်။

ကျူးဘားနှင့် ဗင်နီဇွဲလားနိုင်ငံ ဖက်စပ်လုပ်ငန်းက လက်တင်အမေရိက ဒေသမှ ဝင်ငွေနည်းပါးသည့် နိုင်ငံများသို့ အကူအညီပေးလျက်ရှိရာ ဥရုဂွေးနိုင်ငံသူ၊ နိုင်ငံသား များ အကျိုးခံစားခဲ့သဖြင့် ကျူးဘားအစိုးရကို ကျေးဇူးဥပကာရတင်ရှိသည်ဟု ဘီလီလာက ပြောကြားသည်။

ဘီလီလာက ကျူးဘား ဒုတိယနိုင်ငံခြားရေးဝန်ကြီး အေဘီလာဒိုမိုရီနိုနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံမှ သံတမန်များ ပြည်ဝင်ခွင့်ဗီဇာ ကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြသည်။ တနင်္လာနေ့တွင် ဘီလီလာက ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဖိလစ်ပီရက်ရိုကျူနှင့် တွေ့ဆုံခဲ့သည်။***အမ်အင်အေ၊ဆင်ဟွာ။***

# နီကာရာဂွာ ရွေးကောက်ပွဲတွင် အော်တေဂါအနိုင်ရရှိရေး ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ် လိုလား

**ကာရာကတ်စ်(ဗင်နီဇွဲလား) ဧပြီ ၂၅**

အမေရိကန်အစိုးရက စစ်အေးကာလက ရန်ဘက်ဟောင်းတစ်ဦး ဖြစ်ခဲ့သည့် နီကာရာဂွာနိုင်ငံမှ ဒင်နီယယ်အော်တေဂါကို မဲမပေးကြရန် သတိပေးခဲ့ပြီးနောက် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ၎င်း၏မိတ်ဆွေ အော်တေဂါကို သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိရန် ထောက်ခံကြောင်း တနင်္ဂနွေနေ့က ပြောကြားလိုက်သည်။

**တိုက်တွန်း**

အော်တေဂါ အနိုင်ရရှိရန် မျှော်လင့်ထားသည်ဟု မိမိမပြောလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းသို့ ပြောကြားခြင်းဖြင့် နီကာရာဂွာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်သည်ဟု စွပ်စွဲပြောကြားခံရမည်ဖြစ်သည်ဟု ချာဗက်ဇ်က ပြောကြားသည်။ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက နီကာရာဂွာနိုင်ငံမှ ပြည်သူလူထုအား အော်တေဂါကို မဲမထည့်ကြရန် လွန်ခဲ့သည့် ရက်သတ္တပတ်က တိုက်တွန်းနှိုးဆော်ခဲ့သည်။

**ရင်းနှီးမြှုပ်နှံ**

မြောက်အမေရိကအစိုးရသည် အော်တေဂါ အနိုင်မရရှိရေးအတွက် လက်ယာအုပ်စုများကို တက်ကြွစွာ စည်းရုံးလှုပ်ရှားနေကြပြီး ယင်းကဲ့သို့ လုပ်ဆောင်ရန်အတွက် ဒေါ်လာသန်းချီ၍ ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

***အမ်အင်အေ၊ရိုက်တာ။***



**ဥရောပအရှေ့တောင်ပိုင်းဒေသတွင် ဒင်ညုမြစ် ရေကြီးနေသည့်အတွက် မြစ်ရေများ အဆက်မပြတ် တက်လျက်ရှိရာ ဘောလုံးကွင်းတစ်ကွင်းမှ ဂိုးတိုင်မြုပ်လုနီးပါး ဖြစ်နေသည်ကို ဧပြီ ၂၄ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ဧရာဝတီ၏စပါးကျီ ခြံစည်းရိုးကြက်ဆူဆီစွမ်းအားဖြင့် ပြည့်ဖြိုးစေမည်

**"မိမိတို့နိုင်ငံ၏ လူဦးရေမှာ နှစ်စဉ်တိုးတက်လျက်ရှိရာ နောင်နှစ်ပေါင်း၃၀ကျော်ခန့်တွင် နိုင်ငံတော်၏ လူဦးရေမှာ သန်း ၁၀၀ အထိရှိလာမှာဖြစ်ကြောင်း၊ နောင်တိုးပွားလာမည့် နိုင်ငံသူ၊ နိုင်ငံသားများ စားရေးအတွက် ပူပန်ကြောင့်ကြမှုမရှိ ဖူဖူလုံလုံစားသုံးနိုင်စေရန် မိမိတို့ယခုကတည်းကပင် စိုက်ဧရိယာကေတိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်စေခြင်းစသည်ဖြင့် ဆောင်ရွက်သင့်သည်များကို စနစ်တကျကြိုးစားစီမံဆောင်ရွက်ထားကြရမှာဖြစ်ကြောင်း"**

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်၌ ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေး ဖြည့်ဆည်းပေးသည့် ခရီးစဉ်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အထက်ပါအတိုင်း လမ်းညွှန်ခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်၌ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများပါ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လျာထားထားလေသည်။ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ မတိုင်မီ မြန်မာနိုင်ငံ၌ စိုက်ပျိုးဧက တစ်သန်းကျော်သာရှိခဲ့သည်ဟု သိရပါသည်။

အင်္ဂလိပ်တို့သည် ပထမ အင်္ဂလိပ်-မြန်မာ ကျူးကျော်စစ်ပွဲအပြီး ရန္တပိုစာချုပ်ဖြင့် မြန်မာပိုင် ရခိုင်နှင့် တနင်္သာရီဒေသကို သိမ်းပိုက်ပြီးချိန် ၁၈၂၆ ခုနှစ်မှစ၍ ၎င်းတို့၏ ကိုလိုနီစီးပွားရေးဘဝ ခိုင်မာဖွံ့ဖြိုးရေးအတွက် လယ်ယာစိုက်ပျိုးနိုင်သော စိုက်ပျိုးမြေဧကတိုးချဲ့ရေးကို ဆောင်ရွက်ခဲ့ကြသည်။ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီး အောက်မြန်မာနိုင်ငံကို ကိုလိုနီနယ်အဖြစ် သတ်မှတ်ခဲ့ပြီးနောက် စစ်တောင်းမြစ်ဝှမ်းဒေသနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများရှိ မြေရိုင်းများကို ဆန်စပါးထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ မြေရိုင်းများကို စိုက်ပျိုးနိုင်သော မြေများဖြစ်စေရန် ဓားမဦးချစနစ်၊ ဘိုးဘပိုင်စနစ်၊ ပတ္တာစနစ်၊ ဂရန်စနစ်နှင့် ကရောင်းကိုလိုနီစနစ်များဖြင့် ဆောင်ရွက်ခဲ့သည်။

၁၉၃၈-၁၉၃၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဆန်စပါးစိုက်ပျိုးဧကပေါင်း ၁၂၈၄၁၀၀၀ မျှရှိလျက် ဆန်တန်ချိန် ၅၉၅၀၀၀၀ ထွက်ကာ ကမ္ဘာ့ဈေးကွက်သို့ တန်ချိန် ၃၅၅၀၀၀၀ မျှအထိ တင်ပို့ရောင်းချခဲ့သည်ဟု သိရလေသည်။ ထိုသို့ စိုက်ပျိုးမြေဧက တစ်သန်းခန့်မှ ၁၂ သန်းအထိ တိုးချဲ့ခဲ့သည်။ မြန်မာ့လယ်ယာမြေ၏ အကျိုးအမြတ်များကို မြန်မာနိုင်ငံနှင့် မြန်မာ့တောင်သူလယ်သမားများအဖို့ အကျိုးခံစားခွင့် မရရှိကြဘဲ ကိုလိုနီစီးပွားရေးနှင့် ယင်းကိုလိုနီအကျိုးစီးပွားကို အထောက်အကူပြုသော နိုင်ငံခြားသားတို့သာ အကျိုးခံစားခဲ့ကြကြောင်းတွေ့ရသည်။

ယခုကာလတွင် နိုင်ငံတော်၏ စီးပွားရေးသည် စိုက်ပျိုးရေးလုပ်ငန်းအပေါ်တွင် အဓိကတည်မှီလျက်ရှိသည့်အပြင် နိုင်ငံ၏ လူဦးရေအများဆုံးဖြစ်သည့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးတိုးတက်မှုသည် စိုက်ပျိုးရေး ကဏ္ဍအပေါ်၌ မူတည်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကဏ္ဍမှရရှိသော ထုတ်ကုန်များကို ဈေးကွက်သို့ လျင်မြန်လွယ်ကူစွာတင်ပို့နိုင်ရေးအတွက် လမ်း၊တံတားများနှင့် ပေ ၁၈၀အထက် တံတား ၂၁၄စင်းကို တည်ဆောက်ပေးခဲ့သည်။ မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများတိုးချဲ့စိုက်ပျိုးရာတွင် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံ ၁၈၃ ခုနှင့် မြစ်ရေတင်စီမံကိန်းများ တည်ဆောက်ပေးခဲ့လေသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဟန်ချက်ညီစွာ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ဖော်ဆောင်ပေးခဲ့ရာ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍဘူမိနက်သန်ဒေသများ ဖွံ့ဖြိုးတိုးတက်နေကြောင်း တွေ့မြင်နေရပါသည်။ စိုက်ပျိုးရေးကို အခြေခံသော အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာလာစေရန် ပြည်ပပို့ကုန်များဖြစ်သော အဓိကသီးနှံ ၁၀မျိုး၊ အမယ်သစ် (အမည်သစ်)သီးနှံသုံးမျိုး၊ နှစ်ရှည်သီးနှံသုံးမျိုးတို့ကို ပြည်နယ်နှင့် တိုင်းများ၌ ကြိုးပမ်းစိုက်ပျိုးခဲ့သည်။

အဓိကသီးနှံ၁၀မျိုးတွင် စပါးသီးနှံသည် နိုင်ငံတော်အတွက် အရေးကြီးဆုံးသီးနှံဖြစ်သည်။၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးစပါးဧက ၁၅ ဒသမ ၀၄ သန်း၊ နွေစပါးဧက ၃ ဒသမ ၄၄ သန်းစိုက်ပျိုးခဲ့ပြီး စပါးတင်းသန်း ၁၂၀၀ ထွက်ရှိရေး လျာထားဆောင်ရွက်နေသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရာတွင် နိုင်ငံတော်က ချမှတ်ပေးထားသည့် သီးနှံအလိုက်အထွက်နှုန်းတိုးရေးနှင့် ပန်းတိုင်ရည်မှန်းချက်များ အောင်မြင်စေရန် အကောင်အထည်ဖော်ရေးအတွက် ဌာနဆိုင်ရာများကလည်း အောက်ခြေအထိ ကွင်းဆင်းပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေး ဖြည့်ဆည်းပေးသည့် ခရီးစဉ်များတွင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် လိုအပ်မည့် လမ်းညွှန်မှုများကို ချမှတ်ပေးခဲ့သည်။ ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၃၁ရက်နေ့၌ ဧရာဝတီတိုင်း ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးဖြည့်ဆည်းပေးသည့် ခရီးစဉ်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဤသို့ လမ်းညွှန်မိန့်ကြားခဲ့သည်။

**ခြင်ကျား(မအူပင်)**

**"သီးထပ်စိုက်ပျိုးရေး၌ စက်သုံးဆီသည် အရေးကြီးသည်မှာ အမှန်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လယ်ယာကုန်ထုတ်လုပ်မှုတိုးတက်ရန် စက်သုံးဆီကို တတ်နိုင်သမျှ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသော်လည်း ကမ္ဘာ့ရေနံဈေးနှုန်းမှာ တက်လျက်ရှိသဖြင့် နိုင်ငံခြားသုံးငွေ တစ်နှစ်ထက်တစ်နှစ် ပိုမိုသုံးစွဲနေရသော်လည်း လောက်ငမှု၊ ပြည့်စုံမှု မရှိခဲ့ကြောင်း၊ ယခုအခါ ခြံစည်းရိုးကြက်ဆူပင်မှနေ၍ ဒီဇယ်ဆီအစားထိုးသုံးစွဲနိုင်သည့် ဇီဝဒီဇယ်ဆီကို လွယ်လွယ်ကူကူ ထုတ်လုပ်အသုံးပြုနိုင်ပြီဖြစ်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင်များကို အောင်မြင်အောင် ဖိဖိစီးစီးတိုးချဲ့စိုက်ပျိုးသွားကြရမှာဖြစ်ကြောင်း၊ နောင်တစ်နှစ်ကျော် နှစ်နှစ်ခန့်ဆိုလျှင် မိမိတို့ပြည်တွင်းမှ စိုက်ပျိုးထုတ်လုပ်သော ဇီဝဒီဇယ်ဆီဖြင့် သီးထပ်စိုက်ပျိုးရေးကို အပြည့်အဝ လုပ်ကိုင်နိုင်တော့မှာဖြစ်ကြောင်း"**

ဧရာဝတီတိုင်းသည် ၁၉၈၈ခုနှစ်၌ စိုက်ပျိုးမြေဧက ၄၂၂၁၁၂၆ရှိခဲ့ပြီး ယခုအခါ၄၄၁၅၅၉၂ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး ၁၉၈၈ခုနှစ်ကုန် မြေလွတ်မြေရိုင်း ၆၂၉၆၉၂ဧက ရှိခဲ့ရာ ယခုအခါ ၁၈၁၁၀၃ဧကကို စိုက်ပျိုးနိုင်ခဲ့ပေသည်။ ဧရာဝတီတိုင်းသည် မြန်မာနိုင်ငံ၏ စပါးကျီ အဆင့်မှသည် ကုန်ထုတ်လုပ်မှု ဆပွားတိုးတက်အောင် ဖိဖိစီးစီးကြိုးပမ်းလုပ်ဆောင်နိုင်သည်နှင့်အမျှ ဒေသခံပြည်သူများ ကြီးပွားတိုးတက်သကဲ့သို့ နိုင်ငံ့စီးပွားလည်း တိုးတက်လာမည်ဖြစ်သည်။ သဘာဝကပေးထားသော ရေခံမြေခံကို အခြေခံကောင်းဖြစ်အောင် နိုင်ငံတော်အပိုင်းက ထမ်းဆောင်ပေးထားလေသည်။

မိုးများပြီး ချောင်းရေမြစ်ရေတိုးကာ ရေလျှံကွင်း၊ ရေကြီးကွင်း၊ ရေနက်ကွင်းအဖြစ် တစ်ချိန်ကသတ်မှတ်ထားသော မြေလွတ်မြေရိုင်းများကို စိုက်ပျိုးမြေဖြစ်စေရန် တန်ဖိုးတိုးမြှင့်ပေးခဲ့သည်။ စိုက်ပျိုးရေ လိုအပ်သောနေရာများ၌ ရေသောက်ဧရိယာ တိုးပွားစေနိုင်ရန်အတွက် ဆည်တမံများ တည်ဆောက်ပေးခဲ့သည်။ တစ်နှစ်ပတ်လုံး လိုအပ်သလောက် ရေကို ထိန်းထားနိုင်သော ရေထိန်းတံခါးများ တိုးပွားလာအောင် ကြိုးပမ်းလုပ်ဆောင်ပေးခဲ့သည်။

ညောင်တုန်းမြို့နယ်တွင် ဧက ၂၀၀၀၀စီ အကျိုးပြုသော ပန်းလှိုင်ရေထိန်းတံခါးနှင့် မဲဇလီရေထိန်းတံခါး၊ အင်္ဂပူမြို့နယ်တွင် ဧက ၁၄၀၀၀ အကျိုးပြုသော နန်ကသူရေလှောင်တမံ၊ မအူပင်မြို့နယ်တွင် ဧက ၁၅၀၀၀ အကျိုးပြုမည့် ဝါးတောရေထိန်းတံခါးနှင့် ထနီးရေထိန်းတံခါး စသည်များနှင့် မြစ်ရေတင်စီမံကိန်း ၂၃ခု ဖြစ်ထွန်းလာခဲ့သည်။

ဧရာဝတီတိုင်းတွင် ၁၉၈၈ခုနှစ်နောက်ပိုင်း စိုက်ပျိုးမြေဧကနှစ်သိန်းကျော် တိုးတက်စိုက်ပျိုးလာနိုင်ခဲ့ပြီး ၂၀၀၅-၂၀၀၆ ခုနှစ်တွင် မိုးစပါးဧက ၃၆သိန်းကျော်နှင့် နွေစပါးဧက ၁၆သိန်းကျော်ကို တစ်ဧကအထွက်နှုန်းတိုးစေရန် စိုက်ပျိုးနိုင်ခဲ့သည်။ တစ်နိုင်ငံလုံးစပါးစိုက်ဧက၏ ၂၅ရာခိုင်နှုန်းဖြစ်၍ ဧရာဝတီတိုင်းတစ်တိုင်းတည်းကပင် စပါးတင်းသန်း ၃၇၀ကျော်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။ ကြံခင်းမြို့နယ်၌ ဧက ၂၀၀၀၀ အကျိုးပြုကွန်ချောင်း၊ မြန်အောင်မြို့နယ်၌ ဧက ၁၀၀၀၀အကျိုးပြုမည့် မမြ၊ အင်္ဂပူမြို့နယ်၌ ဧက ၂၅၀၀၀အကျိုးပြု ကညင်ရေလှောင်တမံတို့၏ အင်အားဖြင့်စိုက်ပျိုးပါက စပါးတင်းသန်း ၄၀၀အထိ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်က စပါးတင်းသန်း ၁၂၀၀ထွက်ရှိရေး ရည်မှန်းထားရှိဆောင်ရွက်နေရာ ရည်မှန်းချက်၏ သုံးပုံတစ်ပုံ ဖြည့်စွမ်းပေးနိုင်သော တိုင်းတစ်တိုင်းဖြစ်သဖြင့် နိုင်ငံ၏စပါးကျီဟု တင်စားခေါ်တွင်လာခဲ့ကြလေသည်။

သီးထပ်စိုက်ပျိုးရာတွင် စိုက်ပျိုးရေရရှိရေးအတွက် ရေတင်ရာတွင် အသုံးပြုရန် စက်သုံးဆီများစွာလိုအပ်ပြီး စက်သုံးဆီကိစ္စမှာကမ္ဘာနှင့်အဝန်းကြောင့်ကြပူပန်နေရသောကိစ္စဖြစ်သည်။ ယနေ့ကမ္ဘာတွင် လောင်စာဆီ ထုတ်လုပ်မှုပမာဏသည် သုံးစွဲမှုပမာဏကို လိုက်မမီတော့သဖြင့် လောင်စာဆီရှားပါးမှုကိစ္စပေါ်ပေါက်လျက်ရှိသည်။ ကမ္ဘာနှင့်အနှံ့ရေနံအစားထိုးလောင်စာဆီ သုံးစွဲရေးကိစ္စကို ကာလကြာမြင့်စွာကြိုးပမ်းနေကြသည်ကိုတွေ့ရှိရသည်။ နိုင်ငံတကာတွင် လောင်စာဆီအစားနေရောင်ခြည်စွမ်းအား၊ နျူကလီးယားစွမ်းအင်တို့ဖြင့် အစားထိုးသုံးစွဲရေးတို့တီထွင်စမ်းသပ်လျက်ရှိသော်လည်း ကုန်ကျစရိတ်ကြီးမားပြီး နည်းပညာအခက်အခဲများရှိနေသည်ကို တွေ့ရလေသည်။

ယခုအခါကမ္ဘာတစ်ဝန်းမှ လယ်သမားများသည် ဇီဝလောင်စာဆီကို အပြိုင်အဆိုင် အားတက်သရော ထုတ်လုပ်လာကြောင်းတွေ့ရသည်။ ယနေ့ကမ္ဘာ့ကုန်စည်ဈေးကွက်တွင် သီးနှံရိက္ခာတို့ကို အချောကိုင်လိုသောအုပ်စုနှင့် သီးနှံတို့ကို ဇီဝလောင်စာဆီပြုလုပ်လိုသောအုပ်စုတို့ အားပြိုင်ဝယ်ယူလျက်ရှိသည်ကိုတွေ့ရလေသည်။

ဘရာဇီးနိုင်ငံက ကြံပင်မှ အီသနောလောင်စာကို ထုတ်လုပ်လျက်ရှိ၍ အမေရိကန်က ပြောင်းဖူးမှအီသနောလောင်စာဆီထုတ်လျက်ရှိလေသည်။ ဂျာမနီနိုင်ငံက ဦးဆောင်ပြီး ဥရောပနိုင်ငံအသီးသီးကလည်း စားအုန်းဆီအစေ့တို့မှ ဇီဝဒီဇယ်ဆီထုတ်လုပ်ရေးကို ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့ဒုတိယအကြီးဆုံး ကြံစိုက်ပျိုးသော အိန္ဒိယနိုင်ငံသည် ကြံမှ အီသနောဓာတ်ငွေ့ထုတ်လုပ်သော စက်ရုံပေါင်း ၂၀ တည်ဆောက်ခဲ့သည်ဟုသိရပေသည်။

ဥရောပသမဂ္ဂကလည်း လောင်စာဆီ၏ ၅ရာခိုင်နှုန်းကို ဇီဝလောင်စာဆီဖြင့် အစားထိုးရန် လျာထားခဲ့ပြီး ဥရောပနိုင်ငံ အသီးသီးကလည်း မုန်ညှင်းစေ့မှ ဇီဝဒီဇယ်ထုတ်ရန် ကြိုးပမ်းလျက်ရှိလေသည်။ အချို့နိုင်ငံများ မြက်ပင်မှ လောင်စာဆီထုတ်လုပ်နေကြပြီး အပင်အမျိုးမျိုးမှ တီထွင်ထုတ်လုပ်နေသည်ဟု သိရလေသည်။

မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့၌ စားအုန်းဆီမှ ဇီဝလောင်စာဆီထုတ်လုပ်ရေးကို ဆောင်ရွက်လျက်ရှိသည်။ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့၌လည်း ဇီဝလောင်စာဆီ စက်ရုံများ အရင်းအနှီးများစွာဖြင့် လည်းကောင်း၊ စင်ကာပူနိုင်ငံက ဂျာမနီနှင့် ပူးပေါင်း၍ လည်းကောင်း တည်ထောင်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ခြံစည်းရိုး ကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီကို ထုတ်လုပ်နိုင်ပြီး ကြက်ဆူပင်များမှာ မြန်မာနိုင်ငံ၏ အပူပိုင်းဒေသတွင် အလေ့ကျပေါက်ရောက်ကြကြောင်း တွေ့ရှိရသည်။ စွတ်စိုသော သမန္တေးပိုင်းဒေသတွင်ပါ ပေါက်ရောက်နိုင်ကာ ကုန်ကျစရိတ် သက်သာစွာ စိုက်ပျိုးနိုင်သည့်အပြင် ကြီးထွားမှုလျင်မြန်၍ အကြမ်းခံနိုင်သော အပင်မျိုးဖြစ်လေသည်။

ကြက်ဆူပင်မှ သီးသော ကြက်ဆူသီးကို ကြိတ်၍ ထွက်ရှိလာသော ဆီကို ကြိတ်ဖတ်များ မပါစေရန် စစ်ယူရုံမျှဖြင့် အခြားဓာတုဆေးဝါး၊ အဆီရောနှောစရာမလိုဘဲ ဒီဇယ်ဆီအစား စက်ကိရိယာများတွင် တိုက်ရိုက်ထည့်သွင်း မောင်းနှင်နိုင်လေသည်။ ယခုအခါ ကြက်ဆူပင်မှရသော ဇီဝဒီဇယ်ဆီဖြင့် မီးထွန်းခြင်း၊ လောင်စာပြုလုပ်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများ၌ ထည့်သွင်း အသုံးချသည့် လက်တွေ့ စမ်းသပ်သရုပ်ပြမှုများကိုလည်း တွေ့ရှိရပါသည်။ အခြားနိုင်ငံများကဲ့သို့ စက်ရုံများတည်ထောင်ရခြင်း၊ ဓာတုဆေးဝါးများနှင့် ပေါင်းစပ်တီထွင် ထုတ်လုပ်ရခြင်းဟူသော ခက်ခဲမှု မရှိဘဲ မြန်မာ့မြေတွင် အလေ့ကျပေါက်ရောက်သော ကြက်ဆူပင်အား စိုက်ပျိုးခြင်းဖြင့် ဇီဝဒီဇယ်ဆီ အလျှံပယ်ထုတ်လုပ်ရေးကို ဆောင်ရွက်နိုင်သော အခွင့်အလမ်းပေါ်ပေါက်နေပေပြီ။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရိုးသားကြိုးစား ဧရာဝတီသားတို့သည် ဧရာဝတီ၏ စပါးကျီ ခြံစည်းရိုးကြက်ဆူဆီ စွမ်းအားဖြင့် ပြည့်ဖြိုးစေမည်ဟု သန္နိဋ္ဌာန်ပြုကာ ကြိုးပမ်းကြလိမ့်မည်ဟု ယုံကြည်ပါသည်။ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်သည် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လိုက်နာရန် လိုအပ်သည်ဖြစ်၍ အခြားပြည်နယ်နှင့် တိုင်းများတွင်လည်း အလားတူကြိုးပမ်း အကောင်အထည်ဖော်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

**ကြက်ဆူပင်မှ သီးသော ကြက်ဆူသီးကို ကြိတ်၍ ထွက်ရှိလာသော ဆီကို ကြိတ်ဖတ်များ မပါစေရန် စစ်ယူရုံမျှဖြင့် အခြားဓာတုဆေးဝါး၊ အဆီရောနှောစရာမလိုဘဲ ဒီဇယ်ဆီအစား စက်ကိရိယာများတွင် တိုက်ရိုက်ထည့်သွင်း မောင်းနှင်နိုင်လေသည်။ ယခုအခါ ကြက်ဆူပင်မှ ရသော ဇီဝဒီဇယ်ဆီဖြင့် မီးထွန်းခြင်း၊ လောင်စာပြုလုပ်ခြင်း၊ လယ်ယာ သုံးစက်ကိရိယာများ၌ ထည့်သွင်းအသုံးချသည့် လက်တွေ့ စမ်းသပ်သရုပ်ပြမှုများကိုလည်း တွေ့ရှိရပါသည်။ အခြားနိုင်ငံများကဲ့သို့ စက်ရုံများတည်ထောင်ရခြင်း၊ ဓာတုဆေးဝါးများနှင့် ပေါင်းစပ်တီထွင် ထုတ်လုပ်ရခြင်းဟူသော ခက်ခဲမှုမရှိဘဲ မြန်မာ့မြေတွင် အလေ့ကျပေါက်ရောက်သော ကြက်ဆူပင်အား စိုက်ပျိုးခြင်းဖြင့် ဇီဝဒီဇယ်ဆီ အလျှံပယ်ထုတ်လုပ်ရေးကို ဆောင်ရွက်နိုင်သော အခွင့်အလမ်းပေါ်ပေါက်နေပေပြီ။**





# ဆက်သွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဂျီအိုအက်စ် သင်တန်းဖွင့်ပွဲ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၂၆

**ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မေ ၂၅ရက်တွင် နေပြည်တော် မြို့တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၌ ကျင်းပသော** Government Online System (GOS) Course ( 01/06-07) **(အချိန်ပြည့်) သင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**

### တက်ရောက်

အဆိုပါ သင်တန်းကို ရက်သတ္တ နှစ်ပတ်ကြာဖွင့်လှစ်မည်ဖြစ်ပြီး ရုံးဌာန အသီးသီး၌ Online စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ပို့ချသည့်သင်တန်း ဖြစ်ကာ သင်တန်းသား သင်တန်းသူ ၆၄ဦးတို့ တက်ရောက်ကြသည်။

### ကြည့်ရှုစစ်ဆေး

သင်တန်းဖွင့်ပွဲအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် သင်တန်းခန်းမ နှစ်ခုသို့ သွားရောက်၍ သင်တန်း အထောက်အကူပြု ကွန်ပျူတာစနစ်များ တပ်ဆင်ထားရှိမှုအခြေအနေနှင့် သင်တန်းပို့ချမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး ပြီး ရုံးအဆောက်အအုံအတွင်း ဖွင့်လှစ်ထားသော e-Library ကို ကြည့်ရှုစစ်ဆေး သည်။ (သတင်းစဉ်)

## အမှာစကား

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်** Government Online System (GOS) Course (01/06-07) **(အချိန်ပြည့်) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။**

(ဆက်သွယ်ရေး)

# နိုကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ် ဩဝါဒခံယူပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၆**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် (စနေထောင့်) ရွှေတောင် ငွေတောင် တန်ဆောင်းရှိ နိုကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ (၃၁)ကြိမ်မြောက် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပူဇော်ပွဲ၊ (၂၃)ကြိမ်မြောက် အဘိဓမ္မာဂုဏ်ထူးဆောင်၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ၏ စာအောင်ဆုနှင်းပွဲ၊ (၇)ကြိမ်မြောက် အသက်(၇၅)နှစ်အထက် အသင်းဝင်များအား သက်ကြီးပူဇော်ပွဲနှင့် အဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေးတို့ကို မေ ၇ ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် မာလာမြိုင်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

# မြို့သစ်ဓမ္မာရုံကျောင်း တရားစခန်း

**ရန်ကုန် မေ ၂၆**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ မြို့သစ်ဓမ္မာရုံ ကျောင်းတိုက်တွင် မေ ၆ရက်မှ ၁၅ရက်အထိ သရက်မြို့ အလင်းရောင်ကျောင်း ဆရာတော် ဘဒ္ဒန္တ ကုသလ မဟာထေရ်နှင့် မြို့သစ်ဓမ္မာရုံကျောင်း ပဓာနနာယက ဆရာတော် (မဟာသဒ္ဓမ္မဇောတိကဓဇ)ဘဒ္ဒန္တ ပညာဝရဆရာတော်တို့၏ ဦးဆောင်မှု ဖြင့် အဌမအကြိမ်မြောက် မဟာစည်၊ မဟာသတိပဋ္ဌာန် ဝိပဿနာ ၁၀ရက် တရားစခန်းပွဲ ကျင်းပမည်ဖြစ်ရာ တရားအားထုတ်လိုသော ယောဂီများ ကြိုတင် စာရင်းပေးသွင်းနိုင်ပြီး မေ ၅ရက် ညနေ ၆နာရီအရောက် လာရောက်ကြရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)






# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

## ၂၇-၄-၂၀၀၆ (ကြာသပတေးနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ လှုပစွာဖူးပွင့်လာသော ပန်းသစ်လေး
- ၇:၃၀ တေးဂီတအစီအစဉ်
- ၇:၃၅ ၂၀၀၅ခုနှစ် အကောင်းဆုံး အားကစားသမားများ ချီးမြှင့်ပွဲ အခမ်းအနား
- ၈:၀၅ ဒီဇိုင်းယဉ်ကျေးမှု
- ၈:၁၀ တေးဂီတအစီအစဉ်
- ၈:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၈:၂၅ တေးဂီတအစီအစဉ်
- ၈:၃၀ ဂက်(စ်)မီးဖိုနှင့် ဖြစ်တတ်သော အန္တရာယ်များ
- ၈:၃၅ ကန်တော်ကြီးရေချိုငါးဥယျာဉ် (အပိုင်း-၁)
- ၈:၅၀ တေးဂီတအစီအစဉ်
- ၈:၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၀၀ သီးနှံဖျက်ပိုးများကို ထိရောက်စွာကာကွယ် နှိမ်နင်းနည်းများ(အပိုင်း-၁)
- ၁၀:၀၀ တေးဂီတအစီအစဉ်
- ၁၀:၄၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၁၀ ဆရာကြီးဦးလွန်းကြွယ်၏ စိန်ရတုမွေးနေ့ပန်းချီပြပွဲ
- ၁၁:၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၁၀ တေးဂီတအစီအစဉ်
- ၁၁:၁၅ သံချည်သံကွေးအတတ်ပညာ (အပိုင်း-၂)
- ၁၁:၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၃၀ တေးဂီတအစီအစဉ်
- ၁၁:၃၅ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ(အီကလဲယားမုန့်လုပ်နည်း)
- ၁၂:၀၀ MRTV-4 အပိတ် Logo

**အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# ပြန်ကြားရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း မိတ္ထီလာနှင့် ကျောက်ဆည်ခရိုင်တွင် လုပ်ငန်းများစစ်ဆေး

နေပြည်တော် မေ ၂၆

**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် မေ ၂၃ရက်တွင် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကိုလည်းကောင်း၊ မေ ၂၄ရက်တွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။**

ယင်းသို့ ဒုတိယဝန်ကြီးက ဝန်ထမ်းများအား မှာကြားရာတွင် မိမိတို့သည် နိုင်ငံတော်၏ သိသင့်သိထိုက်သည်များ၊ ရှောင်ရန်၊ ဆောင်ရန်ကိစ္စရပ်များကို ပြည်သူသို့ အချိန်မီသိရှိရေး ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ပြည်သူများ၏ ယုံကြည်အားထားမှုရမှသာ လုပ်ငန်းများ ထိရောက် အောင်မြင်မည်ဖြစ်ကြောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအားလုံး ဖွင့်လှစ်ပြီးဖြစ်၍ ဆက်လက်ရှင်သန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အခက်အခဲများရှိပါက ဒေသအာဏာပိုင်များထံ တင်ပြဆောင်ရွက်သွားကြစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိရောက်ရာဒေသတွင် မိမိဒေသကဲ့သို့ စေတနာထား လုပ်ဆောင်သွားပါက လုပ်ငန်းများ အောင်မြင်မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။ (သတင်းစဉ်)

## တွေ့ဆုံမှာကြား

**ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။**

(သတင်းစဉ်)



## ပေးအပ်လှူဒါန်း

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ဓမ္မဒါနလမ်းနေ ဦးသက်ဦး-ဒေါ်ဝင်းမြင့်နှင့် သမီးများက သမီး မသဉ္ဇာဆုဝေ၏ မွေးနေ့အလှူအဖြစ် ငွေကျပ် ၁၀၀၀၀၀ကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



# ရန်ကုန်ကလေးဆေးရုံကြီး၌ ဟောပြောဆွေးနွေး

**ရန်ကုန် မေ ၂၆**

ရန်ကုန်ကလေးဆေးရုံကြီးတွင် ကလေးကင်ဆာနှင့် ကုသမှုများ (Talks On Oncology) အကြောင်းကို စင်ကာပူနိုင်ငံ KK အမျိုးသမီးနှင့်ကလေး ဆေးရုံကြီးမှ Dr. Chui Chan Hon (Head & Consultant, Department Of Paedtatric Surgery) နှင့် Dr. Chan Mei Yoke တို့သည် မေ၂၄ရက်မှ ၂၆ရက်အထိ လာရောက် ဟောပြောဆွေးနွေးကြသည်။ **(ဓါတ်ပုံ)**

အဆိုပါဆွေးနွေးပွဲသို့ ရန်ကုန်ကလေးဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာ ထူးဟန်ဦးဆောင်၍ ဆရာဝန်ကြီးများ၊ ဘွဲ့လွန်သင်တန်းသား ဆရာဝန်များ တက်ရောက်ကြသည်။ (ကလေးဆေးရုံကြီး)

### တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်မှ

လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းတာဝန်ခံများအား ရေသွင်း၊ ရေထုတ်လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ စနစ်တကျ အချိုးကျ ထည့်သွင်းရေး ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် အေရှားဝေါလ်ကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လားရှိုးမြို့အဝင် ပြည်ထောင်စုလမ်းမကြီး ကတ္တရာလမ်း တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး စက်ယန္တရားကြီးများဖြင့် လမ်းတိုးချဲ့မှုလုပ်ငန်းများကို လည်းကောင်း၊ တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင် ၅၀၀၀ သုတေသနစိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

### ကျောဖုံးမှ

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်ဇနီးဒေါ်မာမာဝေတို့သည် နံနက် ၁၀နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် မဆယ်ဆိပ်ကျေးရွာအုပ်စု၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်သို့ရောက်ရှိလာပြီး ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ ပျိုးကိုင်းနှင့်ပျိုးပင်များကို ပျိုးထောင်စိုက်ပျိုးပေးကြကာ ခြံစည်းရိုး ကြက်ဆူပျိုးဥယျာဉ်စိုက်ပျိုးရေး ပညာပေးပြကွက်နှင့် ကျေးရွာများရှိ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက်ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ကျိုက်ထော်စံပြကျေးရွာ ကျေးရွာဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၁နာရီခွဲတွင် အဆိုပါစံပြကျေးရွာထိပ်ရှိ မုခ်ဦးရှေ့၌ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက စံပြကျေးရွာမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက စံပြကျေးရွာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

**ပေးအပ်**

ထို့နောက်တိုင်းမှူးသည်ကျိုက်ထော်စံပြကျေးရွာ တယ်လီဖုန်းအိတ်ချိန်းနှင့် စာတိုက်ကို လည်းကောင်း၊ ကျိုက်ထော်စံပြကျေးရွာ ၁၆ခုတင်ဆံ့ တိုက်နယ် ပြည်သူ့ဆေးရုံကိုလည်းကောင်း လှည့်လည်ကြည့်ရှုကာ လူနာများအတွက် ထောက်ပံ့ငွေနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အားဆေးနှင့် Safe Delivery Kit များပေးအပ် ကြသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့က တိုက်နယ် ပြည်သူ့ဆေးရုံအတွက် အလှူငွေကျပ် တစ်သိန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းဝင်းထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများသည် ကျိုက်ထော်စံပြကျေးရွာ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ရင်သွေးငယ်ကလေးများ၏ စွမ်းရည်ပြသမှုကို ကြည့်ရှုအားပေးကြပြီး ရင်သွေးငယ်ကလေးများအားစားစရာမုန့်နှင့် ကစားစရာအရုပ်များ ဝေငှပေးကြသည်။

**အမှာစကားပြောကြား**

ယင်းနောက် ကျိုက်ထော်စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားကို ကျိုက်ထော်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်မာမာဝေက စံပြကျေးရွာဖွင့်လှစ်နိုင်ခြင်းအတွက်ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် ကျိုက်ထော်စံပြကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်မြမြသင်က ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းထံသို့ လည်းကောင်း၊ ကော့မှူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရင်သိန်းက အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူထံသို့ လည်းကောင်း ပေးအပ်ကြသည်။

**ဝတ်စုံများလှူဒါန်း**

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင် ဝတ်စုံများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုက်ထော်စံပြကျေးရွာ အမေ့ရွာစာပျိုးခင်း စာကြည့်တိုက်သို့ ရောက်ရှိပြီး စာကြည့်တိုက်အတွက် သုတ/ရသစာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ သွားရောက်၍ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားပြီး တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဇနီး ဒေါ်မာမာဝေ ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ကျိုက်ထော်စံပြကျေးရွာ စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ ကော့မှူးမြို့နယ် ကျိုက်ထော်စံပြကျေးရွာမုခ်ဦးကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ပူဇော်ပွဲ

**ရန်ကုန် ဧပြီ ၂၆**

၂၀၀၆ ခုနှစ် (မတ်လ ၁၃)ရက်၌ ကမ္ဘာအေးကုန်မြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ရရှိတော်မူသည့် ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊ နိုင်ငံတော် ဩဝါဒါစရိယ ဘဒ္ဒန္တ သောဘိတ မထေရ်မြတ်အား ၁၃၆၈ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက်၊ ၁၄-၅-၂၀၀၆ (တနင်္ဂနွေနေ့)တွင် ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်၌ တပည့် ဒါယကာ-ဒါယိကာမများ စုပေါင်း၍ ပူဇော်ပွဲသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း၊ ပါဝင်ပူဇော်နိုင်ကြစေရန် တပည့်အပေါင်းတို့အား ပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီက နိုးဆော်ထားသည်။ (သတင်းစဉ်)



## ကြပ်မတ်စစ်ဆေး

**ရန်ကုန် အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ စံပြရဲနှင့် ရဲကျင့်ဝတ်စာမေးပွဲကို ဧပြီ ၂၅ရက်က ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင်ကျင်းပရာ အရာရှိ ၉၂ဦး၊ အခြားအဆင့် ၂၀၃ ဦး ဖြေဆိုကြပြီး အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးမင်း ကြပ်မတ်စစ်ဆေးဆောင်ရွက်စဉ်။** (ကြေးမုံ)



**မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်၊ ဝဇီရာ(၈)လမ်းနေ ဦးကျော်သန်း-ဒေါ်ယဉ်ယဉ်လွင်၊ သား မောင်ကျော်မင်း၊ သမီး မထိုက်ထိုက်မို့ မိသားစု (For You) ဖိနပ်လုပ်ငန်းက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၃၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။** (က-ပ)

## ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) ပန်းချီပန်းပုပြပွဲ ပြသမည်

**ရန်ကုန် ဧပြီ ၂၆**

ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များ အစည်းအရုံး(ဗဟို)က မြန်မာတို့၏ရှေးအစဉ်အဆက်ဖွံ့ဖြိုးတိုးတက်လာသော ပန်းချီ၊ ပန်းပုအနုလက်ရာများကို မျိုးဆက်သစ်လူငယ်များသိရှိခံစားဂုဏ်ယူနိုင်စေရန်နှင့် အများပြည်သူများ ကြည့်ရှုအားပေးနိုင်ရန် ရည်ရွယ်ပြီး တစ်နိုင်ငံလုံးရှိပြည်နယ်နှင့်တိုင်းများမှ ပန်းချီ၊ ပန်းပုအနုပညာရှင်များ၏ လက်ရာများကို နိဝင်ဘာလအတွင်း တစုတစည်းတည်း ခမ်းနားထည်ဝါစွာပြသနိုင်ရေးအတွက် ပြပွဲဖြစ်မြောက်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)အစည်းအဝေးခန်းမ၌ ဧပြီ၂၂ရက်ကကျင်းပသည်။

အဆိုပါပြပွဲနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များကို ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက်မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ်ဧပြီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

**(၃၀-၄-၂၀၀၆) ရက်နေ့**

**၂၀၀၆ခုနှစ်၊ မေလအတွက်**

**(၁၄-၅-၂၀၀၆) ရက်နေ့**

**နှင့်**

**(၂၈-၅-၂၀၀၆) ရက်နေ့**

# နွေရာသီလူငယ်သင်တန်းများဖွင့်ပွဲနှင့် ဒီပဲယင်းမြို့နယ် စိုင်ပြင်စံပြကျေးရွာဖွင့်ပွဲကျင်းပ
# တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့ တက်ရောက်အားပေး

ရန်ကုန် မေ ၂၆

**စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဒုတိယအကြိမ် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းနှင့် နွေရာသီ ပြည်သူ့အကျိုးပြုသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို မေ ၂၃ရက် နံနက် ၇နာရီခွဲတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ စစ်ကိုင်းတိုင်းနှင့် မုံရွာခရိုင်တို့မှဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အသင်းအတွင်းရေးမှူးများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။**

အခမ်းအနားတွင် တိုင်းမှူးက အမျိုးသားယဉ်ကျေးမှုကို ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်ကြရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားပြီး တိုင်းမှူးက သင်ကြားမှုအထောက်အကူပစ္စည်းများကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်က နွေရာသီအားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကာ အခမ်းအနားကို ရုပ်သိမ်း၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က တက်ရောက်လာသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

စစ်ကိုင်းတိုင်းအတွင်း အသင်းအဆင့်ဆင့်မှ ဦးဆောင်၍ မြို့နယ်အသီးသီးတွင် ၂၀၀၆ ခုနှစ် လူငယ်လှုပ်ရှားမှုအဖြစ် သင်တန်းနေရာ ၇၆၄ ခုတွင် သင်တန်းသား တစ်သိန်းနှစ်သောင်းကျော်အား ပထမအကြိမ်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ဒုတိယအကြိမ်သင်တန်းများကို မေ ၂၃ရက်မှစ၍ သင်တန်းနေရာ ၁၀၀၀ ကျော်တွင် သင်တန်းသား သုံးသိန်းကျော်အား လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

ထို့မှတစ်ဆင့် နံနက်ပိုင်းတွင် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ဘုတလင်မြို့နယ် အုတ်ဖိုရေလှောင်တမံတွင် ဘုတလင်မြို့နယ်မှ အသင်းဝင်များ စုပေါင်း၍ အရှည်ပေ ၅၀၀၀ ရှိ ရေသွယ်မြောင်းတူးဖော်ပွဲနှင့် ခြံစည်းရိုးကြက်ဆူပင် ၃၆၀၀ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးခဲ့သည်။

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ဘုတလင်မြို့နယ် ငပယင်းစံပြကျေးရွာသို့ ရောက်ရှိကာ စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အား ပေးစက်ရုံဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ဗဟိုအလုပ်အမှုဆောင်က "ဒို့ကျေးရွာမီးလင်းပြီ"ဆိုင်းဘုတ်ကို ခလုတ်နှိပ်၍ မီးထွန်းညှိဖွင့်လှစ်ပေးသည်။ ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က ကျေးလက်ဒေသများပါမကျန် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် ချမှတ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး တိုင်းမှူးက ဗလာစာအုပ်များနှင့် ဗဟိုအလုပ်အမှုဆောင်က ကျေးရွာအတွက် အားကစားပစ္စည်းများ၊ ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ငပယင်းကျေးရွာတွင် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဒေသခံပြည်သူတစ်ဦး၏ မတည်ငွေ စုစုပေါင်း ငွေကျပ်သိန်း ၁၀၀ အကုန်အကျခံ၍ ဒေသထွက် စပါးခွံကုန်ကြမ်းအသုံးပြုသည့် လျှပ်စစ်ဓာတ်အားပေးစက် တည်ထောင်နိုင်ခဲ့သဖြင့် လျှပ်စစ်ဓာတ်အား ၅၀ကီလိုဝပ် ထွက်ရှိပြီး ကျေးရွာအတွင်းရှိ အိမ်ခြေ ၃၀၀၊ စေတီကိုးဆူ၊ ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်း၊ ဗီဒီယိုရုံ သုံးရုံ၊ ဆေးပေးခန်း၊ အထက်တန်းကျောင်းခွဲ၊ တယ်လီဖုန်းအိတ်ချိန်း၊ စာကြည့်တိုက်များကို နေ့စဉ် ညနေ ၆နာရီမှ ည ၁၀နာရီထိ လျှပ်စစ်မီးပေးနိုင်ပြီဖြစ်သည်။

ထို့မှတစ်ဆင့် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် စိုင်ပြင်ကျေးရွာသို့ သွားရောက်ပြီး စိုင်ပြင်စံပြကျေးရွာ ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။ အခမ်းအနားတွင်အစီအစဉ်အရ ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်း အဆောက်အအုံကို ဝန်ကြီးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များ ခန်းမအတွင်းကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ကျေးလက်တယ်လီဖုန်းအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးကြပြီး စိုင်ပြင်ကျေးရွာ ကျန်းမာရေးဌာနအတွင်း ရွှေဘိုခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့၏အခမဲ့ စမ်းသပ် စစ်ဆေးကုသမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် နွားချေး၊ စက်ဖွဲ့ပြာ၊ ဖွဲနု၊ အသင့်သုံးအီးအမ်နှင့် ဓာတ်မြေသြဇာတို့ စုပေါင်း၍ အကျိုးပြုဇီဝမြေသြဇာထုတ်လုပ်နေမှုကိုလည်းကောင်း၊ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ကိုလည်းကောင်း၊ မူလတန်းကြိုကျောင်းနှင့် မိသားစုဝင်ငွေတိုး လက်မှုလုပ်ငန်းများကိုလည်းကောင်း၊ ပညာ့အလင်း ခေတ်မီစာကြည့်တိုက်ကိုလည်းကောင်း၊ ကျေးရွာသမဝါယမအသင်းဆိုင်ကိုလည်းကောင်း၊မြေအောက်ရေလျှံတွင်းများမှ ကျေးရွာအတွင်း ရေဖြန့်ဝေပေးနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် စိုင်ပြင်စံပြကျေးရွာ အထက်တန်းကျောင်းခွဲအတွင်း ကျင်းပသော မြတ်မာကျောင်းဆောင်သစ်ဖွင့်ပွဲသို့တက်ရောက်အားပေးခဲ့ပြီး တိုင်းမှူးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်နှင့် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ယခု ဖွင့်လှစ်သည့် မြတ်မာ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၅၀၊ အနံပေ ၃၀ရှိ တစ်ထပ်အုတ်ညှပ် သွပ်မိုးအဆောက်အအုံဖြစ်ပြီး တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ သွပ်အချပ် ၂၀၀၊ ဘိလပ်မြေအိတ် ၁၄၀နှင့် ဒေသခံပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေ ကျပ် ၇၂သိန်းကျော် စုစုပေါင်း ငွေကျပ် ၈၁သိန်းအကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အလားတူ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ဝေဝေခိုင်နှင့် အဖွဲ့ဝင်များသည် စိုင်ပြင်စံပြကျေးရွာရှိ ဇာပန်းထိုးနှင့် အပ်ချုပ်သင်တန်းကို ကြည့်ရှုအားပေးပြီး ကျေးရွာရှိ ပြည်သူများနှင့်အတူ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် အခြားသိကောင်းဖွယ်ရာများကို မိသားစုစကားဝိုင်းအသွင် ရင်းရင်းနှီးနှီးဆွေးနွေးဟောပြောကြသည်။

ယင်းနောက် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ကျောင်းဝင်းအတွင်း ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်သို့ တက်ရောက် ပျိုးထောင်စိုက်ပျိုးပေးကြပြီး ဧည့်သည်တော်များ၊ ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်မှုများကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံရာ ဒေသခံပြည်သူနှစ်ဦးက စိုင်ပြင်စံပြကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ကျေးလက်မီးလင်းရေး၊ ကျေးလက်စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ရေး၊ ခြံစည်းရိုးကြက်ဆူပင် အပြည့်အဝစိုက်ပျိုးရေးတို့ကို မှာကြားကာ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ရေး၊ ဘေးပြောတာမယုံဘဲ သွေးပြောတာယုံပြီး အပြုနှင့်အဖျက်၊ အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးတို့ကို ခွဲခြား သိမြင်ပြီး အပြု၊ အမှန်နှင့် အကောင်းဘက်မှ ရဲရဲရင့်ရင့် ရပ်တည်ရေးတို့ကို အသေးစိတ် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုင်းမှူးက ကွန်ပျူတာတစ်စုံ၊ ဆရာ၊ ဆရာမများအတွက် ကျောင်းဝတ်စုံများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ စာအုပ်မျိုးစုံနှင့် မဂ္ဂဇင်း၊ ဂျာနယ်များကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်က (၂၁)လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံး၊ အားကစားပစ္စည်းများ၊ ဗလာစာအုပ်များ၊ စာအုပ်မျိုးစုံနှင့် မဂ္ဂဇင်း၊ ဂျာနယ်များကိုလည်းကောင်း ပေးအပ်လှူဒါန်း၍ အခမ်းအနားကို ရုပ်သိမ်းကာ တက်ရောက်လာသော ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

(သတင်းစဉ်)





**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခွဲတို့ ပူးပေါင်းဖွင့်လှစ်သော ယဉ်ကျေးလိမ္မာသင်တန်းတွင် ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါ်ထူးထူးအောင် ဟောပြောပို့ချစဉ်။** (သတင်းစဉ်)

## မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေး ဟောပြောပွဲကျင်းပ

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခွဲတို့ ပူးပေါင်းဖွင့်လှစ်သော ယဉ်ကျေးလိမ္မာသင်တန်းမှ သင်တန်းသူလေးများအား အသိပညာပေးဟောပြောပွဲများကို မေ ၂၄ရက်မှ ၂၈ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါ်ထူးထူးအောင်က "ယဉ်ကျေး လိမ္မာပညာရှာ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမျိုးသားစာပေဆုရှင် စာရေးဆရာမ မစန္ဒာက "စည်းကမ်းဟူသည်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပါမောက္ခဒေါက်တာတင်တင်ထွန်းက "ဘဝအတွက်ခံယူချက်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်လှက "ဘဝတွက်တာ ကျွမ်းကျင်စရာ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူး ဒေါ်မြကြည်က "မြန်မာ့ယဉ်ကျေးမှု အစဉ်အလာ ဆုံးမစကား" ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဟောပြောခဲ့ကြသည်။ (သတင်းစဉ်)



**အင်းစိန်မြို့ အဆင့်မြင့်ဈေးကြီးအမှတ်(၁)ရှိ လှသူဇာရွှေဆိုင်ပိုင်ရှင် ဗိုလ်မှူး မင်းအောင် (ငြိမ်း)အားရည်စူး၍ ဒေါ်ရင်ရင်မေ(လှသူဇာရွှေဆိုင်)က အလှူငွေ ကျပ်တစ်သိန်းတစ်သောင်းကို အင်းစိန်မြို့ ကွက်သစ်ရပ်ကွက် မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာနာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြသင်း၊ စာရင်းစစ် ဦးမြတ်ဆွေတို့က လက်ခံရယူပြီးဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။** (ကြေးမုံ)

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

**(၂၆-၄-၂၀၀၆)**

**မိုးကုတ်**

၂ ဒသမ ၁၃ လက်မ

**သီပေါ**

၀ ဒသမ ၉၀ လက်မ

**ပဲခူး**

၀ ဒသမ ၇၅ လက်မ

# လက်နှိပ်ပန့်ရေတွင်းများဖွင့်ပွဲ ပုသိမ်ကြီးမြို့နယ်၌ကျင်းပ

**ရန်ကုန် ဧပြီ ၂၆**

မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က လှူဒါန်းသော ပုသိမ်ကြီးမြို့နယ် မြကံသာကျေးရွာနှင့် ကံကြီးကျေးရွာတို့၌ လက်နှိပ်ပန့်ရေတွင်းများ ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၂ရက် နံနက် ၉နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ် မြကံသာ ကျေးရွာရှိ အဆိုပါရေတွင်းတည်ရှိရာ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်ဝန်၏ဇနီး ဒေါ်မိုးသီတာနှင့်အဖွဲ့ဝင်များ၊ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်နှင့် တာဝန်ရှိသူများ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်း၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

အစီအစဉ်အရ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင် ဒေါ်နန်းအေးမြတို့က လက်နှိပ်ပန့်ရေတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ရေတွင်းများ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး မြကံသာကျေးရွာ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်တင်တင်စန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် အဆိုပြုလွှာ အစောင် ၅၀၀ကို ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်တင်တင်စန်းက ပေးအပ်ရာ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



# ကုန်သည်/ စက်မှုအသင်းချုပ်နှင့် တရုတ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဧပြီ ၂၆**

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ဗဟိုအမှုဆောင်များအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Shenzhen Municipal People's Congress The Standing Committee မှ Executive Vice Chairman, Mr. Zhuang Lixiang ခေါင်းဆောင်၍ အဖွဲ့ဝင်ခုနစ်ဦးပါဝင်သော ကိုယ်စားလှယ် အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

**ရင်းနှီးစွာဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဆိုင်ရာ ကိစ္စများ၊ နှစ်ဦးနှစ်ဖက် အကျိုးရှိနိုင်မည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စများ၊ အပြန်အလှန် ကုန်သွယ်မှုဆိုင်ရာကိစ္စများ၊ Shenzhen ၌ ကျင်းပမည့် ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ပြသရေး ကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

# မုန်တိုင်းအထူးသတင်း

**ရန်ကုန် ဧပြီ ၂၆**

ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းသည် ပိုမိုအားကောင်းလာကာ မာလာအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်း အဖြစ်သို့ ရောက်ရှိလာပြီး ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် မိုင် ၂၆၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်အရှေ့ယွန်းယွန်းသို့ ဖြည်းညင်းစွာ ရွေ့လျားလျက်ရှိပြီး ယနေ့ညမှ နောက် ၇၂နာရီအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်း စစ်တွေမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့အကြား ကမ်းရိုးတန်းဒေသကို ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

ယင်းဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် ယနေ့ညမှ နောက် ၄၈နာရီအတွင်း ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးရွာသွန်းနိုင်သည်။

မုန်တိုင်း၏အရှိန်ကြောင့် ယနေ့ညမှ နောက် ၄၈နာရီအတွင်း မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် မြေပြင်ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀မှ မိုင် ၆၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၂၇-၄-၂၀၀၆ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၇:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၄:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၃၀** ၆။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၀** ၈။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- **၅:၀၀** ၉။ မျိုးချစ်တပ်မတော်
- **၅:၂၀** ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၅၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း-၉)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားစီရင်ထုံး" (အပိုင်း-၂၈)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

# ဘီးတပ်ကုလားထိုင်ကိုအစားထိုးမည့် စက်ရုပ်ခြေထောက် ဂျပန်ပညာရှင်များတီထွင်

**ထူးထူးခြားခြား အင်တာနက်သတင်းများ**

တိုကျို ဧပြီ ၂၆

**နာမကျန်းဖြစ်သူများ အသုံးပြုရသော ဘီးတပ်ကုလားထိုင်ကို အစားထိုးနိုင်မည့် စက်ရုပ်ခြေထောက် ကိရိယာသစ်တစ်မျိုးကို ဂျပန်သုတေသီများက ဧပြီ ၂၆ရက်တွင် တိုကျိုမြို့၌ ထုတ်ဖော်ပြသခဲ့သည်။**

အသက်အရွယ် ကြီးရင့်သူများနှင့် နာမကျန်းဖြစ်ကာ ကိုယ်အင်္ဂါ ချို့ယွင်းနေသူများသည် လှုပ်ရှားသွားလာရန်အတွက် ဘီးတပ်ကုလားထိုင်ကိုသာ အားကိုးနေကြရသည်။ ထိုကုလားထိုင်တို့ဖြင့် လှေကားထစ်အတက် အဆင်း မပြုလုပ်နိုင်ကြသည်သာမက မညီညာသော မျက်နှာပြင်ပေါ်၌လည်း လှုပ်ရှားသွားလာခြင်းငှာမစွမ်းသာကြပေ။ ယင်းအခက်အခဲများကို ကျော်လွှားနိုင်ရန် ရည်ရွယ်၍ လမ်းလျှောက်နိုင်မည့် စက်ရုပ် ခြေထောက်ကို တီထွင်ရခြင်းဖြစ်သည်ဟု တိုကျိုမြို့ ဝါဆီဒါ တက္ကသိုလ်မှ အင်ဂျင်နီယာပါမောက္ခ အတ်စူအိုတကာနီရှိကပြောကြားသည်။

**ရိုဗော့စက်ရုပ်များ**

ပါမောက္ခ တာကာနီရှိသည် လမ်းလျှောက်နိုင်သည့် စက်ရုပ် ခြေထောက် ပြုလုပ်နိုင်ရန်အတွက် ရိုဗော့စက်ရုပ်များ ထုတ်လုပ်သည့် တမ်စုခ် ကုမ္ပဏီနှင့်တွဲဖက်၍ ၂၀၀၃ ခုနှစ် ကတည်းက ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ယခုစက်ရုပ်အတုကို သုံးစွဲခြင်းအားဖြင့် မသန်စွမ်းသူတစ်ဦး အနေဖြင့် သာမန်လူများကဲ့သို့ သွားလာလှုပ်ရှားနိုင်ခွင့်ရရန် မျှော်မှန်းထားသည်ဟု ဆိုသည်။ နောက်ဆုံးတီထွင်ထားသော စက်ရုပ်ခြေထောက်ကို ဒဗလျူ အယ်လ်-စစ်စတင်းအာရ်သရီး (WL 16 R III)ဟုအမည်ပေးထားသည်။

**အင်တာနက်**



**(WL-16R III) စက်ရုပ်ခြေထောက်ဖြင့် လှေကားအတက်အဆင်း ပြုလုပ်ပြနေစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ဆီရာလီယွန်နိုင်ငံတွင် မျောက်ဝံတိုက်ခိုက်ခံရ၍ လူတစ်ဦး အသက်ဆုံးပြီး သုံးဦးဒဏ်ရာရ

**ဖရီးတောင်း ဧပြီ ၂၆**

ဆီရာလီယွန်နိုင်ငံရှိ တိရစ္ဆာန် ဘေးမဲ့ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုနေသော အငှားယာဉ်မောင်းတစ်ဦးကို သတ်ဖြတ်ပြီး အမေရိကန် ခရီးသွားသုံးဦးကို တိုက်ခိုက်ခဲ့သည့် ချန်ပန်ဇီမျောက်ဝံတစ်စုကို ဖမ်းဆီးနှိမ်နင်းရန် အတွက် ဆီရာလီယွန် ရဲတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေလျက်ရှိကြောင်း ဘေးမဲ့ဥယျာဉ်မှ တာဝန်ရှိသူများက ဧပြီ ၂၅ရက်တွင် ပြောကြားသည်။

အခင်းဖြစ်ပွားမှုတွင် ချင်ပန်ဇီမြောက်ကောင်ရေ ၂၀ ခန့် ပါဝင်ကြောင်း သတင်းများက ဖော်ပြသည်။ တာကူဂါမာ ချင်ပန်ဇီ မျောက်ဝံဘေးမဲ့တောသည် ဆီရာလီယွန်နိုင်ငံ၏ မြို့တော် ဖရီးတောင်းမှ အတန်ငယ် လှမ်းသော တောင်ခြေတွင် တည်ရှိသည်။ ပြီးခဲ့သော တနင်္ဂနွေနေ့ နေ့ခင်းအချိန်တွင် စိတ်လှုပ်ရှားနေကြသော မျောက်ဝံတစ်စုက လူလေးဦးကို တိုက်ခိုက်ပုတ်ခဲ့ကြခြင်းဖြစ်သည်။

ထိုအဖြစ်အပျက်ကို သက်ဆိုင်ရာများက တုံ့ပြန်အရေးယူမှုများ မပြုလုပ်မီမှာပင် ဥယျာဉ်တွင်း ရောက်ရှိနေသော လူအချို့သည် ဘေးမဲ့ တောအတွင်း၌ တစ်စုံတစ်ဦးကို တိရစ္ဆာန်များက တိုက်ခိုက်သည်ဆိုသော သတင်းကို သိရှိသွားကြသည်ဟု ယင်းဥယျာဉ်၏ ညွှန်ကြားရေးမှူး ဘာလား အာမာရာဆီကယန်က ပြောကြားသည်။

မျောက်ဝံများ၏ အသတ်ခံရသော ဒေသခံယာဉ်မောင်းမှာ အီဆာကနူးဆိုသူဖြစ်ပြီး အတိုက်ခိုက်ခံရသော အမေရိကန်နိုင်ငံသားသုံးဦးမှာ ဂယ်ရီမောရစ်၊ ပေါလ်ဂရောရီနှင့် ဒေါ်နယ်ဖိုဒ့်တို့ဖြစ်သည်။ ၎င်းတို့သုံးဦးသည် ဆေးဝါးကုသမှုခံယူရန် တနင်္လာနေ့က ဌာနေသို့ ပြန်သွားကြပြီ ဖြစ်သည်။ **အင်တာနက်။**

**တန်ကူဂါးမား ချင်ပန်ဇီဘေးမဲ့တောအတွင်းမှ မျောက်ဝံများကိုတွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



## ၁၀ရက်တရားစခန်းနှင့် ညောင်ရေသွန်းပွဲတော်

**တွံတေး မေ ၂၅**

တွံတေးမြို့နန်းတော်ကုန်းဆရာတော် အရှင်ကောဝိဒ(မဟာဂန္ထဝါစကပဏ္ဍိတ) ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက ကမ္ဘာ့ဌာနာစရိယနှင့် ရွှေရောင်မြင် ဦးအဂ္ဂဓမ္မ (AGTI,˚E.P) တို့က မေ ၁၁ ရက်မှ ၂၀ ရက်အထိ ရန်ကုန်တိုင်း တွံတေးမြို့နယ် ကံဘဲ့စံပြကျေးရွာ ရွှေရောင်မြင်သာသနာ့ ရိပ်သာတွင် (၁၃)ကြိမ်မြောက် သတိပဋ္ဌာန်ဝိပဿနာ ၁၀ရက်တရားစခန်းကို ဖွင့်လှစ်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြား ပြသမည်ဖြစ်ပြီး ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကျင်းပပူဇော်မည်ဖြစ်သည်။ **(က-ပ)**

## ဇီးဖြူပင်ကျေးရွာ ကျေးလက်ရေပေးရေးဖွင့်ပွဲကျင်းပ

**နောင်ချို မေ ၁၉**

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့်ပြည်သူလူထုပူးပေါင်းဆောင်ရွက်ခဲ့သော ဇီးဖြူပင် ကျေးရွာ ကျေးလက်ရေပေးရေးဖွင့်ပွဲကို မတ် ၁၅ ရက်က အဆိုပါကျေးရွာမုခ်ဦး၌ ကျင်းပသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးသိန်းဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှတာဝန်ရှိပုဂ္ဂိုလ်များနှင့်ဒေသခံကျေးလက်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇေယျာဝင်းနှင့် ဇီးဖြူပင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဇီးဖြူပင်ကျေးရွာ ကျေးလက်ရေပေးရေး စိမ့်စမ်းရေသွယ်ယူခြင်း ပေ ၅၅၀၀ အား ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ် စည်ပင်မှထည့်ဝင်ငွေကျပ် သိန်း ၃၀ နှင့် ပြည်သူလူထုမှ ထည့်ဝင်ငွေကျပ် ၂၇ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(၂၄၂)**



## ကျောင်းကြက်ခြေနီဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေးဦးပြုစုခြင်းသင်တန်းဖွင့်

**ပဲခူး မေ ၂၅**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်း ဖက်ဒရေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် ကျောင်းကြက်ခြေနီ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ဆရာ၊ ဆရာမများအတွက် ကျောင်းကြက်ခြေနီဖွံ့ဖြိုးရေးနှင့် ရှေးဦးပြုစုခြင်း သင်တန်းဖွင့်ပွဲကို မေ ၂၄ ရက် နံနက်ရနာရီကပဲခူးမြို့အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းသိရိပညာခန်းမတွင်ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ပဲခူးတိုင်း ရဲတပ်ဖွဲ့မှူးကြီး ရဲမှူးကြီးမြင့်ဝေ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အမှုဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)**(ယာပုံ)**တို့က အဖွင့်အမှာစကား ပြောကြားပြီး ပဲခူးတိုင်း တိုင်းပညာရေးမှူးဦးသိန်းလှိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားသို့ ပဲခူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး အောင်မင်းနှင့် အဖွဲ့ဝင်များ၊ ပဲခူးမြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ် ဆရာ၊ ဆရာမကြီးများ၊ တိုင်းကြက် ခြေနီကြီးကြပ်မှုကော်မတီဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်မှသင်တန်းနည်းပြဆရာ၊ဆရာမများ၊ ၁၄မြို့နယ်မှ သင်တန်းသားဆရာ၊ ဆရာမနှင့် ဧည့်သည်များ တက်ရောက်ကြသည်။ သင်တန်းကာလမှာမေ ၂၄ ရက်မှ ၂၈ ရက်အထိ ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**



## စူဋ္ဌဘွဲ့နှင်းသဘင်ကျင်းပ

**ကလော မေ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့တွင် (၇၃)ကြိမ်မြောက် စူဋ္ဌဘွဲ့နှင်းသဘင် အခမ်းအနားကို မေ ၉ ရက် နံနက်က သိမ်တောင်ပရိယတ္တိ စာသင်တိုက်တွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃ နာယကအဖွဲ့ ဆရာတော်နှင့် ကြီးကြပ်ဆရာတော်များ၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးဇော်ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်သာသနာရေးဦးစီးမှူးက စာအောင်လက်မှတ်ဆက်ကပ်လှူဒါန်းရခြင်းကို ရှင်းလင်းတင်ပြလျှောက်ထားပြီး စာအောင်သံဃာများဖြစ်ကြသည့် ပထမကြီး သုံးပါး၊ ပထမလတ် ၁၅ ပါး၊ ပထမငယ် ၃၄ ပါး စုစုပေါင်း သံဃာတော် ၅၂ ပါးတို့အား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စာအောင် လက်မှတ်များကို ဆက်ကပ်လှူဒါန်းကြသည်။ **(၂၃၄)**

## တောင်သူလက်တွေ့ပိုးမွှားကာကွယ်ရေးသင်တန်းဖွင့်

**မြစ်ငယ် မေ ၁၀**

မန္တလေးတိုင်း အမရပူရမြို့နယ် ၂၀၀၅-၂၀၀၆ ခုနှစ် နွေစပါးစိုက် တောင်သူများလက်တွေ့ပိုးမွှားကာကွယ်ရေးပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၆ ရက် နံနက် ၁၀ နာရီက မြို့နယ်မြန်မာ့စိုက်ပျိုး ရေးလုပ်ငန်း ရှေ့တန်းစခန်းအမှတ်(၃) အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်ကြင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအေးသန်းတို့က ၂၀၀၅-၂၀၀၆ ခုနှစ် နွေစပါးစိုက်ပျိုးမှုနှင့် ပတ်သက်၍ ဖြစ်ထွန်းအောင်မြင်စွာ စိုက်ပျိုးဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။**(ဝဲပုံ)**

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်ဇော်က နွေစပါးစိုက်ပျိုးအောင်မြင်ရေးအတွက် ဆောင်ရွက်ထားရှိမှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်တိုင်းပိုးမွှားသီးနှံ ကာကွယ်ရေးဌာနမှ လက်ထောက်ကြီးကြပ်ရေးမှူး ဦးရဲကိုကိုက ရာသီဥတုအလိုက် စိုက်ပျိုးမည့် သီးနှံများ လက်တွေ့ပိုးမွှားပေါင်းစုံ ကာကွယ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းဆရာများက ဆက်လက်သင်တန်းပို့ချသွားသည်။

ယခုနှစ်အမရပူရမြို့နယ်တွင်နွေစပါး စိုက် ၁၁၀၀၆ဧကလျာထား၍ပျိုးထောင်ပြီး ၁၀၄၆၇ ဧကရှိပြီး စိုက်ပြီး ၂၂၂၃ ဧကပြီးစီးကြောင်းသိရှိရသည်။**(၄၃၃)**

## မြို့နယ်သတင်းများ

## ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုး

**ကောလင်း မေ ၁၁**

ကောလင်းမြို့နယ်တွင် ဇီဝဒီဇယ် ထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ခြင်းနှင့် စိုက်ပျိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ကောလင်းမြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ရုံးဝင်းအတွင်း၌ မတ် ၁၀ ရက်က မန်နေဂျာဦးလှကျော်နှင့် ဝန်ထမ်းများ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့် ပျိုးကိုင်းပင် ၅၀၀၀ အား ဝန်ထမ်းများအိမ်အနီးမြေကွက်လပ်များနှင့် ကျေးရွာအုပ်စုများသို့ စိုက်ပျိုးခြင်း၊ ပျိုးပင်ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ **(၂၁၄)**




**မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး ပရဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် မေ ၃၀ရက်က ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်အမှတ်(၁)ဝင်ဆာလမ်းနေ ကွယ်လွန်သူ (ဦးဗျန်စိန်)အား ရည်စူး၍ဒေါ်ရှုကြည်မိသားစုကငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဘဏ္ဍာရေးမှူးဦးခင်မောင်ဝင်းလက်ခံရယူစဉ်။** (၂၅၇)



## ကယားပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ် ဖွဲ့စည်းရေးစည်းဝေး

**လွိုင်ကော် မေ ၁၁**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ကြီးမှူး၍ ကယားပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ် ဖွဲ့စည်းရေးကို ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမတွင် မေ ၉ ရက်က ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှမြင့်ရွှေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ဦးစိုးဝင်း၊ အဖွဲ့ချုပ်အတွင်းရေးမှူး ဦးကြီးငွေနှင့် အဖွဲ့ဝင်များ၊ ကယားပြည်နယ် လွိုင်ကော်ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများနှင့် ငါးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နာယကအဖွဲ့ဝင် ဦးစိုးဝင်းက အဖွဲ့ချုပ် တည်ထောင်ရခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ အဖွဲ့ချုပ်အတွင်းရေးမှူး ဦးကြီးငွေက ကယားပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းပေးပြီး ပြည်နယ်ဥက္ကဋ္ဌနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် တာဝန်ပေးခြင်းခံရသော ကယားပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစတိုင်လိုက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကယားပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ် ဖွဲ့စည်းရေးအထိမ်းအမှတ်အလံများ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(၄၄၆)**

**ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဇေယျာမွန်ရပ်ကွက် စကားဝါလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို မေ ၄ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ဒုတိယအင်ဂျင်နီယာမှူးကြီးဦးတင်မောင်လွင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



# ကြေးမုံ The Mirror ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

☆ **တောင်သူလယ်သမားများသည် စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု မြင့်မားလာရေးအတွက် ကြိုးပမ်းဖော်ဆောင်ရာတွင် မြေလွတ်မြေရိုင်း၊ မြေယာသစ်များ ဖော်ထုတ်ရေး၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်း တိုးတက်လာစေရေး၊ သီးနှံစိုက်ဧကအား တိုးတက်လာစေရေးနှင့် သီးနှံများထုတ်လုပ်ရာတွင် လေလွင့်ဆုံးရှုံးမှုနည်းပါးစေရေးတို့ကို အလေးထား လုပ်ကိုင်ကြရမည်ဖြစ်သည်။**

(ခေါင်းကြီး) စာမျက်နှာ-၂

☆ **သီးထပ်စိုက်ပျိုးရေး၌ စက်သုံးဆီသည် အရေးကြီးသည်မှာ အမှန်ပင်ဖြစ်ကြောင်း၊... ယခုအခါ ခြံစည်းရိုးကြက်ဆူပင်မှနေ၍ ဒီဇယ်ဆီ အစားထိုးသုံးစွဲနိုင်သည့် ဇီဝဒီဇယ်ဆီကို လွယ်လွယ်ကူကူ ထုတ်လုပ်အသုံးပြုနိုင်ပြီဖြစ်၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင်များကို အောင်မြင်အောင် ဖိဖိစီးစီး တိုးချဲ့စိုက်ပျိုးသွားကြရမှာဖြစ်ကြောင်း၊**

ခြင်ကျား(မအူပင်)၏ **"ရောဝတီ၏စပါးကျီ ခြံစည်းရိုးကြက်ဆူဆီ စွမ်းအားဖြင့် ပြည့်ဖြိုးစေမည်"**

(ဆောင်းပါး) စာမျက်နှာ-၆

# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တောင်အာဖရိကသမ္မတနိုင်ငံ ဒုတိယသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**ရန်ကုန် ဧပြီ ၂၇**

၂၀၀၆ခုနှစ် ဧပြီ ၂၇ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ တောင်အာဖရိကသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စဖန်ဇီး မလန်ဘိုငူကာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**ရန်ကုန် ဧပြီ ၂၇**

၂၀၀၆ခုနှစ် ဧပြီ ၂၇ရက်တွင် ကျရောက်သည့် ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ သမ္မတ မစ္စတာဆဗက်တိုဗာ၊ မာရိုဗစ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင် လားရှိုးမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများကြည့်ရှု လားရှိုးမြို့အဝင် ပြည်ထောင်စုလမ်းမကြီး တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းခွင် စစ်ဆေး

နေပြည်တော် ဧပြီ ၂၆

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် လားရှိုးမြို့ မန်မော်ကျေးရွာရှိ တိုင်းစစ်ဌာနချုပ်၏ ဧက ၅၀၀ ဘိန်းအစားထိုးသီးနှံမျိုးစေ့ထုတ်ပြောင်း၊ ကြံ၊ နေကြာ၊ ပဲစင်းငုံနှင့် ပျားမွေးမြူရေးစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တိုင်းမှူးအား စိုက်ပျိုးရေးတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးနေလင်းအောင်က စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။**

## လှည့်လည်ကြည့်ရှု

ယင်းနောက် တိုင်းမှူးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားပြီး စိုက်ခင်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ဧက ၁၀၀၀ မျိုးစေ့ထုတ်ဇုန်အတွင်း ခြံစည်းရိုးကြက်ဆူနှင့် နာနတ်မျိုးသန့်မျိုးပွား စံပြသီးညှပ်စိုက်ခင်းသို့လည်းကောင်း၊ ဆင်းရွှေလီ(မွေး) ဆန်မွေးစံပြ ၁၅ ဧက စိုက်ခင်းသို့လည်းကောင်း၊ လားရှိုးမြို့အထွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဆင်းရွှေလီ အထူးအထွက်တိုးနွေစပါး စံပြ ၁၀ ဧက စိုက်ခင်းသို့လည်းကောင်း၊ လားရှိုးမြို့ ရေပူစမ်းကျေးရွာအနီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဆင်းရွှေလီအထူးအထွက်တိုး နွေစပါးစံပြ ၁၂၀ ဧက စိုက်ခင်းသို့လည်းကောင်း

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ➪





## ယနေ့မိုးလေဝသ

၂၇-၄-၂၀၀၆

### နေပြည်တော်မြို့တော်

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

### ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

### မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

## စံပြကျေးရွာ ဖွင့်လှစ်ပေး

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ကော့မှူးမြို့နယ် ကျိုက်ထော်စံပြကျေးရွာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ကျိုက်ထော်စံပြကျေးရွာဖွင့်လှစ် ဝန်ထမ်းများနှင့်ဒေသခံပြည်သူများအား တွေ့ဆုံမှာကြား

ရန်ကုန် ဧပြီ ၂၆

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင်ကော့မှူးမြို့နယ်ကျိုက်ထော်စံပြကျေးရွာဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍အမှာစကားပြောကြားသည်။**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐